# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 23 January 2019 ၉၅၄၀


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရာဇဂြိုဟ်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးပြီး တွန်းဇံမြို့နယ်ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တွန်းဇံမြို့နယ် ဆဲဘောက်ကျေးရွာအုပ်စု ဟားခါးလေးမြောက်ကျေးရွာသို့ ရောက်ရှိရာ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။** ဓာတ်ပုံ-သက်အောင်

**နေပြည်တော် ဇန်နဝါရီ ၂၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးမင်းသူနှင့် ဒေါက်တာအောင်သူ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွှယ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မော်တော်ယာဉ်ဖြင့် ရာဇဂြိုဟ်ရေလှောင်တမံ၏ ပင်မတမံနှင့် ကုန်းကျောတမံတို့ကို လှည့်လည်ကြည့်ရှုရာ ရေယူအဆောက်အအုံ၌ ရေလှောင်တမံအတွင်း ဝင်ရောက်လာသည့် သဲနုန်းများအား နုန်းစုပ်စက်ကြီးများဖြင့် စုပ်ထုတ်ခြင်း၊ Air Compressor နှစ်လုံးဖြင့် နုန်းများကို ဖွစေပြီး ရေတံခါးဖွင့်၍ နုန်းများ ရေစီးနှင့်မျောပါစေခြင်း ဆောင်ရွက်နေသည့် လုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံအနီးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီးရှိ နေရဥ္စရာချောင်းပေါ်တွင် တည်ရှိသည်။ အဆိုပါရေလှောင်တမံသည် အမြင့် ၁၆၅ ပေ၊ အလျား ပေ ၁၃၆၈၀ ရှိ မြေသားတမံ အမျိုးအစားဖြစ်ပြီး လယ်မြေဧက ၈၅၀၀ ကို ဆည်ရေပေးဝေနိုင်သည့်အပြင် နှစ်စဉ် ရေအားလျှပ်စစ် ၂၀ ကီလိုဝပ်နာရီသန်းပေါင်းကို ထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။ 

**စာမျက်နှာ ၃ ကော်လံ ၁ သို့**




ကြေးမုံ

# ဘဝကို တန်ဖိုးရှိရှိ နှလုံးသွင်းဆင်ခြင်ပြုပြင်

မြန်မာတို့၏ လူမှုဘဝနယ်ပယ်တွင် "ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင်"ဟူသော ဆိုရိုးစကားရှိသည်။ လူ့ဘဝသည် အလွန်တိုတောင်းလွန်းသည်ကို မိမိတို့၏လက်ကွေးခြင်း၊ ဆန့်ခြင်းမျှ ကာလအတွင်း လူ့ဘဝသက်တမ်း ကုန်ဆုံးသွားနိုင်သည်ကို ဥပမာပြ ညွှန်းဆိုထား ခြင်းဖြစ်သည်။ ထို့ကြောင့် တိုတောင်းလှသော လူ့ဘဝခဏတာအတွင်း တန်ဖိုးရှိရှိ ပြုမူနေထိုင်လုပ်ကိုင်သွားကြဖို့ ရှေးပညာရှိတို့က သတိပေး ထားခြင်း ဖြစ်ဟန်တူသည်။

သတိမမူလျှင် ဂူမမြင်ဆိုသကဲ့သို့ မိမိတို့ဘဝကို သတိမမူမိကြဘဲ မှန်သည်ထင်ရာကို လုပ်ကိုင်လေ့ရှိကြသည်မှာ ပုထုဇဉ်လူသားများ၏ သဘာဝဖြစ်သည်။ မိမိတို့၏ တစ်ခဏတာကာလလေးကိုပင် ထာဝရ ဟုပင် ထင်မှတ်မှားနေကြပြီး ပြောမှား၊ ဆိုမှား၊ လုပ်မှား၊ ကိုင်မှား ပြုမူ နေကြသည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနများဖြင့် တစ်ဦးနှင့် တစ်ဦး ဆက်ဆံပြုမူတတ်ကြသည်။ တိုတောင်းသော မိမိတို့ဘဝ ကွက်ကွက်လေးကိုသာ ရှုမြင်၍ ရှည်လျားသော အနာဂတ်မျိုးဆက် အဆက်ဆက်တို့အရေးကို မမြော်တွေးနိုင်ကြသည်မှာ ဝမ်းနည်းဖွယ်ဖြစ် သည်။ ယင်းနှင့်ဆက်စပ်၍ ဇန်နဝါရီလ ၂၁ ရက်နေ့ ချင်းပြည်နယ် ဟားခါးမြို့ ရှုခင်းသာရှိ ချင်းရိုးရာမုခ်ဦးနှင့် မျှော်စင်ဖွင့်ပွဲတွင် နိုင်ငံတော် ၏ အတိုင်ပင်ခံပုဂ္ဂိုလ်က -

"ကျွန်မတို့ဟာ ဒီကမ္ဘာကြီးမှာ တစ်ခဏပဲနေသွားရတာပါ။ နေသွား ရတဲ့အချိန်တွေက အင်မတန်မှ တိုတောင်းပါတယ်။ ဒီတိုတောင်းတဲ့ အချိန်လေးမှာသာလျှင် ကျွန်မတို့နေတဲ့ ရေ၊ မြေအတွက် တာဝန်ယူရ တာပါ။ တကယ်တော့ ဘယ်သူမှ ရေ၊ မြေကို ပိုင်တယ်လို့ မရှိနိုင်ပါဘူး။ ဘယ်လောက်ပဲ ဥပဒေအရ စာရွက်စာတမ်းနဲ့ပိုင်ပိုင် တစ်ခဏပဲ။ ကျွန်မ တို့သက်တမ်းနဲ့တော့ ပိုပြီးတော့ ပိုင်နိုင်တာ မဟုတ်ပါဘူး။ ကျွန်မတို့ ရေ၊ မြေအတွက် တာဝန်ယူရတဲ့အချိန်လေးမှာ ကောင်းကောင်းမွန်မွန် တာဝန်ယူစေချင်ပါတယ်။ ရေ၊ မြေဖွံ့ဖြိုးတိုးတက်ဖို့ လှပဖို့ ကျွန်မတို့ဟာ တစ်ခဏသာ တာဝန်ယူထားတဲ့လူတွေမို့၊ ပိုင်ရှင်မဟုတ်တာကြောင့် အမြဲပဲထိန်းသိမ်းပြီး နောင်လာမယ့် ပိုင်ရှင်တွေအတွက် အခြေအနေ ကောင်းအောင် ထားခဲ့ရမယ်ဆိုတာကို နှလုံးသွင်းစေချင်ပါတယ်" ဟု ပြောကြားခဲ့သည်။

အဆိုပါသတိပေးစကားနှင့် ဆက်စပ်၍ အလေးထားတွေးတော ဆင်ခြင်မိကြရမည်ဖြစ်သည်။ လူသားများအား အကျိုးပြုနေသည့် သဘာဝပတ်ဝန်းကျင်ကို လက်ငင်းအကျိုးစီးပွားတစ်ခုတည်းကိုသာ ကြည့်ရှု၍ မတော်လောဘများ အတောမသတ်နိုင်အောင် ဖြစ်နေကြ သည်တို့ကို သတိမူကြရမည်ဖြစ်သည်။ မိမိတို့ပိုင်သည်ဟုဆိုသည့် ဤမြေ၊ ဤရေ အရာအားလုံးတို့သည် သင်္ခါရသဘောတရားအရ မည်သူမျှမပိုင်ဘဲ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ထားရစ်ခဲ့ရမည်ကို သံဝေဂယူရမည်ဖြစ်သည်။

တိုတောင်းလှသည့် ဘဝခရီးနှင့်စပ်လျဉ်း၍ အဓိကမှာ သဘာဝ ပတ်ဝန်းကျင်ထက် မိမိတို့၏ လူမှုဘဝပတ်ဝန်းကျင်နှင့် ပိုမိုသက်ဆိုင်သည်။ လူမှုဘဝပတ်ဝန်းကျင်တွင် လူတို့၏ စိတ်နေစိတ်ထားများမှာ အထူး အရေးကြီးသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မှာကြားသကဲ့သို့ ပြည်ထောင်စုတိုင်းရင်းသားများ အားလုံး၏ စိတ်နေစိတ်ထား သဘော ထားများအတွက် တာဝန်ယူပေးကြရမည်ဖြစ်သည်။ မိမိတို့အကျိုးထက် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏အကျိုးကို တာဝန်ယူစေလိုရင်း ဖြစ်ပါသည်။

သို့ဖြစ်ရာ လက်ရှိတွင် ရှင်သန်လှုပ်ရှား တာဝန်ယူဆောင်ရွက်နေကြ သူများသည် မိမိတို့၏ အခြေအနေကောင်းမွန်ရေးထက် နောင်မျိုးဆက် များလက်ထက်ထိတိုင် မြော်တွေးဆောင်ရွက်ပေးသင့်သည်။ အနာဂတ် တွင် ဆက်လက်တာဝန်ယူကြမည့် မျိုးဆက်သစ်များအား ကောင်းမွန်သည့် အမွေအနှစ်များ လက်ဆင့်ကမ်းပေးဝေရေး၊ ကောင်းမွန်သည့် စိတ်နေ စိတ်ထားများ ရှင်သန်ထွန်းကားရေး ကြိုးပမ်းအားထုတ်ပေးနိုင်ပါရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် အာဆီယံအင်ဂျင်နီယာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုတံဆိပ်များ ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် အာဆီယံ အင်ဂျင်နီယာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုတံဆိပ် များပေးအပ်ပွဲ၊ အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အသင်းသား စုံညီ ညီလာခံအထိမ်းအမှတ် ညစာ စားပွဲကို ဇန်နဝါရီ ၂၁ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ နိုဗိုတယ် ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းခိုင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာ နိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်၊ အာဆီယံအင်ဂျင်နီယာ အဖွဲ့ချုပ် ဥက္ကဋ္ဌ Dr. HiruDewanto တို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားခဲ့ကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင် နီယာအသင်း ဥက္ကဋ္ဌနှင့် အာဆီယံ အင်ဂျင်နီယာအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က အာဆီယံ အင်ဂျင်နီယာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုတံဆိပ် ရရှိသူများအားလည်းကောင်း၊ မြန်မာ နိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌနှင့် AER Head Commissioner တို့က အာဆီယံအင်ဂျင်နီယာ မှတ်ပုံတင်




လက်မှတ်ရရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌက မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်း ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုတံဆိပ်ရရှိသူများအားလည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ထူးဆောင်လက်မှတ် များ အသီးသီးပေးအပ် ချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ထူထောင် ဖွင့်လှစ်သွားရန်ရှိသည့် Myanmar Engineering Society (MES) Academy အတွက် အင်ဂျင်နီယာ နည်းပညာဆိုင်ရာပညာရပ် ဖွံ့ဖြိုး တိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု များ ပြုလုပ်သွားရန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် မလေးရှား အင်ဂျင်နီယာအသင်းတို့အကြား နားလည်မှုစာချွန်လွှာကို လက်မှတ် ရေးထိုးခဲ့ပြီး MES Academy မှ AGTI လက်မှတ်ရရှိပြီးနောက် ထိုက်သင့်သော လုပ်သက်ရှိပြီးသူများ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ပိုမို လျင်မြန်စွာ ရယူနိုင်ရန် အဆင့်မြင့် သင်ကြားပို့ချမှုများနှင့် Graduate နှင့် Diploma စာမေးပွဲများ ကျင်းပ ခြင်း၊ မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရယူမည့် နည်းပညာတက္ကသိုလ်များ မှ ဘွဲ့ရအင်ဂျင်နီယာများ အတွက် Immediate Professional Development Program များ ပို့ချ ခြင်း၊ အင်ဂျင်နီယာနှင့် နည်းပညာ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုး တိုးတက်ရေး အရည်အသွေးမြှင့် သင်တန်းများပို့ချခြင်းများ ဆောင် ရွက်သွားမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

# မန္တလေးမြို့တွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာကျောက်မျက်ပြပွဲတွင် ငွေကျပ်သိန်းပေါင်း ၆၇၀၀ နီးပါး ရောင်းချခဲ့ရ

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးမြို့တွင် ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သော မန္တလေး ရတနာမောလ် အပြည်ပြည်ဆိုင်ရာကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်း အချောထည်ပြပွဲတွင် ငါးရက်တာကာလအတွင်း ငွေကျပ်သိန်းပေါင်း ၆၇၀၀ ခန့်နှင့် အမေရိကန်ဒေါ်လာ ငါးထောင်နီးပါးခန့် ရောင်းချခဲ့ရကြောင်း မန္တလေးရတနာ မောလ်ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးသိန်းဝင်းက ပြောကြားသည်။



အဆိုပါပြပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်ရှိ ရတနာပုံစူပါစင်တာအဆောက်အအုံတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ငါးရက်တာကာလအတွင်း ပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ လာရောက်လေ့လာသူ သုံးသောင်းဝန်းကျင်ရှိခဲ့ပြီး ပြည်ပမှ ရတနာကုန်သည် ၁၁၄၄ ဦး လာရောက် လေ့လာဝယ်ယူခဲ့ကြောင်း သိရသည်။

**စိတ်ကြည်နူးမိ**

အဆိုပါ ပြပွဲနောက်ဆုံးရက်တွင် တရုတ်နိုင်ငံ ကွမ်တုံးပြည်နယ်မှ ကျောက်စိမ်းကျောက်မျက်ရတနာအသင်း ဒုတိယဥက္ကဋ္ဌ လီကျူ(စ်)ဝေ လာရောက် လေ့လာခဲ့ပြီး ပြပွဲအမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ မြန်မာနိုင်ငံ၏ သဘာဝရှုခင်းအလှအပများနှင့် အမျိုးအစားစုံလင်စွာ ပြသထားသော မြန်မာ့ တွင်းထွက်ကျောက်မျက်ရတနာများအား တစုတဝေးတည်း တွေ့ရှိခဲ့သည့် အတွက် စိတ်ကြည်နူးမိကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

မန္တလေးရတနာမောလ်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ် ရတနာ အချောထည်ပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီးခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် ညနေ ၆ နာရီက အဆိုပါအဆောက်အအုံတွင် ကျင်းပခဲ့ပြီး ပြပွဲတွင် ပူးပေါင်းဆောင်ရွက်ပေးကြသည့် အဖွဲ့အစည်းအသီးသီးမှ ဂုဏ်ပြုထိုက် သူများအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများပေးအပ်ကာ လက်ဝတ်ရတနာ အချောထည် ဒီဇိုင်းပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရန်ကုန်(ရွှေဈေး) ၁၀၅၃၅၀၀ - ၁၀၅၃၅၀၀ မန္တလေး(ရွှေဈေး) ၁၀၅၃၅၀၀ - ၁၀၅၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၀/၇၉၀ ကျပ် | ၈၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၄၅/၇၁၀ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၃၀/၈၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၄၀/၈၅၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၉၀/၇၀၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၈.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၄၈.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၆.၂၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၃၉၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၂.၈၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၆၀၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၀၂.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆.၁၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၀၀.၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၁.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် ဒီ ၁၈ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ မြန်ချိုရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ချင်းပြည်နယ် တွန်းဇံမြို့နယ် ဆဲဘောက်ကျေးရွာအုပ်စုရှိ ဟားခါးလေးမြောက်ကျေးရွာသို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကျေးရွာအတွင်း၌ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ အစီအစဉ်ဖြင့် တည်ဆောက်ပေးထားသည့် နေအိမ်များကို လှည့်လည်ကြည့်ရှုပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကြိုဆိုဖို့ရောက်လာတဲ့ ပြည်သူ ပြည်သားတွေအားလုံးကို နှုတ်ခွန်းဆက်ပါတယ်။ ကျန်းမာချမ်းသာကြပါစေ။ ဘုရားသခင် ကောင်းချီးပေးကြပါစေ။ ကျွန်မ ဒီနေရာကို လာချင်တာကြာပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ ဟားခါးလေးရွာမှာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက အိမ်လေးတွေဆောက်ပေးတဲ့ အခြေအနေတွေ ဘယ်လိုရှိသလဲဆိုတာ လာပြီးကြည့်ချင်တာကြာပါပြီ။ အခုမှပဲ အခွင့်အရေးရှိလို့ လာရပါတယ်။ အိမ်တစ်လုံးကို ကြည့်လိုက်တဲ့အခါမှာ လိုအပ်ချက်နည်းနည်း ရှိနေတယ်ဆိုတာ ကျွန်မ သတိပြုမိပါတယ်။ အဲဒီ လိုအပ်ချက်တွေကိုလည်း ကျွန်မတို့ တတ်နိုင်သလောက် အမြန်ဆုံး ဖြည့်ဆည်းပေးပါ့မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ ပြည်သူ ပြည်သားတွေကို စောင့်ရှောက်တဲ့အခါမှာ တတ်နိုင်သမျှ ပြည့်ပြည့်ဝဝ စောင့်ရှောက်ချင်တယ်။ အကောင်းဆုံးဖြစ်အောင် လုပ်ပေးချင်တယ်။ တစ်ခါတလေ ကျွန်မတို့ တတ်နိုင်တဲ့အခြေအနေက လိုအပ်တာနဲ့တော့ မကိုက်ညီဘူး။ တတ်နိုင်သလောက် ကျွန်မတို့ လုပ်ပေးချင်ပါတယ်။

**သစ္စာတရားရဲ့သင်္ကေတ**

"ကျွန်မတို့ရဲ့ ပြည်သူ ပြည်သားများ အားလုံး လုံလုံခြုံခြုံနေနိုင်ဖို့ပါပဲ။ လုံခြုံတယ်ဆိုတာ ကိုယ်ရော၊ စိတ်ရော လုံခြုံရမယ်။ ကျွန်မ ချင်းပြည်နယ်လာတဲ့အခါမှာ အင်မတန်မှ စိတ်လုံခြုံပါတယ်။ ဘာကြောင့်လဲဆိုတော့ ချင်းတိုင်းရင်းသားများရဲ့ နွေးထွေးတဲ့မေတ္တာကြောင့်လည်း ဖြစ်ပါတယ်။ ဒီလို စိတ်လုံခြုံမှုတွေ တစ်ယောက်နဲ့တစ်ယောက်ကို ပေးနိုင်မယ်ဆိုရင် ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးက အင်မတန်မှ သာယာမှာပါ။ ချင်းပြည်နယ်ရဲ့ သင်္ကေတအနေနဲ့ အများကသတ်မှတ်ထားတာ အောက်ချင်းငှက်နဲ့ တောင်ဇလပ်ပန်း ဖြစ်ပါတယ်။ အောက်ချင်းငှက်ဆိုတာက သစ္စာတရားကို ရောင်ပြန်ဟပ်ပါတယ်။ သစ္စာတရားရဲ့ သင်္ကေတဖြစ်ပါတယ်။

"တောင်ဇလပ်ဆိုတာက အင်မတန်မှ ကြမ်းတမ်းခက်ထန်တဲ့ ရာသီဥတုပထဝီအနေအထားမှာ လှပတင့်တယ်စွာ ပွင့်နေနိုင်တဲ့အတွက် သတ္တိကိုလည်း ကိုယ်စားပြုတယ်။ နောက်ပြီး အလှအပကိုလည်း ကိုယ်စားပြုပါတယ်။ ဒီလို သတ္တိရှိပြီးတော့ သစ္စာရှိတဲ့ဒေသမှာ ကျွန်မတို့ဟာ မုချမလွဲ အောင်မြင်မှုကိုရမှာပါ။ အခက်အခဲတွေကိုတော့ ကျော်လွှားရပါမယ်။ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်ဖို့ အများကြီး လိုပါသေးတယ်။ အထူးသဖြင့် ချင်းပြည်နယ်လို ပထဝီအရ ကြမ်းတမ်းတဲ့ နေရာဒေသတွေမှာဆိုရင် ဖွံ့ဖြိုးမှုအစီအစဉ်တွေ အထူးလုပ်ပေးဖို့ လိုအပ်ပါတယ်။ ဒါကိုလည်း ကျွန်မတို့ အလေးထားပြီး လုပ်ပေးနေပါတယ်။ ချင်းပြည်နယ်အတွက်ဆိုရင် ရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ရရှိရေး၊ ကျန်းမာရေး၊ ပညာရေး အဓိက အခြေခံအားဖြင့် ကျွန်မတို့ ပြည်သူ ပြည်သားတွေရဲ့ လိုအပ်ချက်တွေ အားလုံးကို အမြန်ဆုံးဖြည့်ဆည်းပေးဖို့ ကြိုးစားပါ့မယ်။ ဒါပေမယ့် တချို့ကိစ္စတွေကျတော့ ကျွန်မတို့ စိတ်ကပါပေမယ့် ကိုယ်က မလိုက်နိုင်ဘူးဆိုတာ ကိုယ်မဟုတ်ပါဘူး။ ပိုက်ဆံက မလိုက်နိုင်တာလို့ ဆိုရပါလိမ့်မယ်။ လိုက်နိုင်တဲ့အထိတော့ တချို့ကိစ္စတွေကို ကျွန်မတို့ စောင့်ပြီးတော့ ဆောင်ရွက်ရမှာပါ။ ဒါပေမယ့် ကျွန်မတို့ရဲ့ဆန္ဒက ပြင်းပြတာကြောင့် အောင်မြင်မယ်လို့ ကျွန်မကတော့ ယုံကြည်ပါတယ်။

**ဆန္ဒပြင်းပြ**

"ကျွန်မ ပြည်သူတွေနဲ့ တွေ့ဆုံတဲ့အခါမှာ အောင်မြင်ခြင်းတရား လေးပါးကို ပြန်ပြီး သတိပေးရပါတယ်။ ဆန္ဒရှိရမယ်၊ ဝီရိယ ရှိရမယ်၊ မှန်ကန်တဲ့ စိတ်ဓာတ်ရှိရမယ်၊ ပညာ ရှိရမယ်။ ဒါဟာ ကျွန်မတို့အားလုံး မှတ်သားစရာကိစ္စဖြစ်တာကြောင့် ထပ်တလဲလဲ ပြောရတာပါ။ ဆန္ဒရှိမှ ကိစ္စတစ်ခုကို ကျွန်မတို့ စပြီး ဆောင်ရွက်နိုင်မှာပါ။ ဒီနိုင်ငံကြီးကို အင်မတန်မှ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်စေချင်တယ်။ ဒီလိုဖြစ်ဖို့အတွက် ကျွန်မတို့က အင်မတန်မှ ဆန္ဒပြင်းပြပါတယ်။ ကျွန်မတို့နည်းတူ ကျွန်မတို့ရဲ့ ပြည်ထောင်စုသားသမီး အားလုံးကလည်း ဆန္ဒလိုအပ်ချက်တွေက ပြင်းပြမယ်လို့ ကျွန်မထင်ပါတယ်။ ဒါပေမယ့် ဆန္ဒရှိရုံနဲ့မကဘူး ဒီဆန္ဒတွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် လုံ့လ၊ ဝီရိယနဲ့ အလုပ်လုပ်သွားရမှာဖြစ်ပါတယ်။ ကြိုးစားသွားကြရမှာဖြစ်ပါတယ်။ စိတ်ထားလည်း မှန်ဖို့လိုပါတယ်။ စိတ်ဓာတ်မမှန်ရင် ကိုယ့်ကြိုးစားမှုတွေက မမှန်တဲ့လမ်းပေါ်ကို ပို့လိုက်ရင် အန္တရာယ်အများကြီး ဖြစ်နိုင်ပါတယ်။ နောက်ပြီး ကိုယ်လုပ်ချင်တဲ့ကိစ္စတွေကို ဘယ်လိုပုံစံနဲ့ဖြစ်အောင် လုပ်မလဲဆိုတဲ့ အသိပညာဆိုတာ အင်မတန်အရေးကြီးပါတယ်။

**မှန်မှန်ကန်ကန်သုံးသပ်**

"ကျွန်မတို့က ပညာလို့ပြောတဲ့အခါကျရင် အဓိကအားဖြင့် ပညာဆိုတာ အခြေအနေတစ်ခုကို မှန်မှန်ကန်ကန် သုံးသပ်ဆင်ခြင်ပြီးတော့ အဲဒီဆင်ခြင်မှုအပေါ်မှာ လုပ်သင့်လုပ်ထိုက်တာကို လုပ်ဖို့ပဲဖြစ်ပါတယ်။ အဲဒီလုပ်မယ့်သတ္တိကတော့ အောင်မြင်ခြင်းတရားလေးပါးထဲမှာ မပါဘူးဆိုပေမယ့် စိတ်ဓာတ်အောက်မှာ သတ္တိပါတယ်လို့ ကျွန်မတို့ပြောလို့ရပါတယ်။ အသစ်အဆန်းတစ်ခုကို ဖြစ်မြောက်အောင်လုပ်တယ်ဆိုတာ သတ္တိလိုပါတယ်။ ပညာတတ်ရုံနဲ့လည်း မလုံလောက်ဘူး။ လုံ့လ၊ ဝီရိယနဲ့လည်း မလုံလောက်ဘူး။

စာမျက်နှာ ၄ သို့



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရာဇဖြူဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

ဓာတ်ပုံ-သက်အောင်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရာဇဖြူဟ်ရေလှောင်တမံအနီးတွင် ဒေသခံပြည်သူများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဓာတ်ပုံ-သက်အောင်

" ကျွန်မ ပြည်သူတွေနဲ့တွေ့ဆုံတဲ့အခါမှာ အောင်မြင်ခြင်းတရားလေးပါးကို ပြန်ပြီး သတိပေးရပါတယ်။ ဆန္ဒရှိရမယ်၊ ဝီရိယ ရှိရမယ်၊ မှန်ကန်တဲ့ စိတ်ဓာတ် ရှိရမယ်၊ ပညာ ရှိရမယ်။ ဒါဟာ ကျွန်မတို့ အားလုံး မှတ်သားစရာ ကိစ္စ ဖြစ်တာကြောင့် ထပ်တလဲလဲ ပြောရတာပါ။ ဆန္ဒရှိမှ ကိစ္စ တစ်ခုကို ကျွန်မတို့ စပြီး ဆောင်ရွက်နိုင်မှာပါ "

❒ စာမျက်နှာ ၃ မှ

သတ္တိနဲ့ ကိုယ်ရင်မဆိုင်ဖူးတဲ့ အရာတွေကို၊ ကိုယ်ရင်မဆိုင်ဖူးတဲ့ အခြေအနေတွေကို ရင်ဆိုင်ရဲဖို့က အင်မတန်မှအရေးကြီးပါတယ်။

**တန်းတူညီတူအရေးပါ**

"ဟားခါးလေးကျေးရွာဆိုရင် ရွာကလေးလို့ ပြောပေမယ့် ကျွန်မတို့အတွက် မြို့ကြီးတစ်မြို့လိုပဲ တန်းတူအရေးကြီးပါတယ်။ မြို့ကြီးကို မှီတင်းပြီးတော့ နေထိုင်နေတဲ့ ပြည်သူ ပြည်သားတွေများလို့ ပိုပြီးတော့ အလေးထားပြီးတော့ လုပ်ဆောင်ပေးရပေမယ့် ရွာကလေးမှာရှိတဲ့ ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေရဲ့ အရေးဟာလည်း တန်းတူညီတူ အရေးပါပါတယ်။ ရွာကလေးက ပုဂ္ဂိုလ်တွေမို့လို့၊ ရွာကလေးက ရွာသူရွာသားတွေမို့လို့ အရေးပါမှုနည်းတယ်ဆိုတာ လုံးဝမဟုတ်ပါဘူး။ "ဟားခါးလေးကျေးရွာကို မဖြစ်မနေ ရောက်အောင်လာခဲ့တာဟာ ဘယ်လောက်ပဲ သေးတဲ့ရွာကလေး ဖြစ်နေပါစေ၊ ကျွန်မတို့ အစိုးရအတွက်ကတော့ အရေးကြီးပါတယ်ဆိုတာကို အသိပေးချင်တဲ့ ရည်ရွယ်ချက်ကြောင့် ဖြစ်ပါတယ်။ ဒီလို အရေးကြီးပေမယ့်လည်း အားလုံးလိုချင်တာတွေဖြစ်အောင် လုပ်ပေးလိုက်ပါဆိုတာလည်း လက်တွေ့ကျကျ မဖြစ်ပါဘူး။ တဖြည်းဖြည်း တဖြည်းဖြည်း၊ တစ်ဆင့်ချင်း တစ်ဆင့်ချင်း ကျွန်မတို့အားလုံး ပြည့်စုံအောင်လို့ ဖြည့်ဆည်းပေးပါမယ်။ ဒါပေမယ့် ဒီလိုဖြည့်ဆည်းဖို့ ကြိုးစားတဲ့နေရာမှာတော့ ပြည်သူပြည်သားတွေ အားလုံးပါစေချင်တယ်။ ကျွန်မတို့ ရွာသူရွာသားတွေလည်း အားလုံးပါစေချင်တယ်။ ကိုယ့်မှာပါဝင်ပြီးတော့ ဆောင်ရွက်နိုင်တဲ့ အင်အားတွေရှိတယ်။ အင်အားဆိုတာ ပထမဦးဆုံး စိတ်အင်အားကို တည်ဆောက်ရမယ်။

**ကြိုးစားစေချင်**

"ကျွန်မတို့ဟာ ပြည်ထောင်စုရဲ့ မိသားစုဝင်တွေပဲ။ ပြည်ထောင်စုရဲ့မိသားစုဝင်တွေဟာ ကျွန်မတို့နိုင်ငံကြီး၊ ကျွန်မတို့ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောဖို့အတွက် တစ်ဦးချင်းတစ်ဦးချင်း ရှိသမျှအစွမ်းအစနဲ့ ကြိုးစားပေးစေချင်တယ်။ လူတိုင်း လူတိုင်းမှာ တန်ဖိုးရှိပါတယ်။ တန်ဖိုးမရှိတဲ့လူဆိုတာ မရှိပါဘူး။ အင်အားမရှိတဲ့လူဆိုတာ မရှိဘူး။ အဲဒီတော့ ကိုယ့်မှာရှိတဲ့ တန်ဖိုးတွေကို မှန်မှန်ကန်ကန် သုံးမယ်ဆိုရင် ကျွန်မတို့ရဲ့ နိုင်ငံကြီးဟာ အင်မတန်မှ တိုးတက်မှုမြန်ပါလိမ့်မယ်။ တိုးတက်မှုမြန်ဖို့လည်းလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံရဲ့ပတ်ဝန်းကျင်က အိမ်နီးနားချင်းနိုင်ငံတွေနဲ့စာရင် ကျွန်မတို့နိုင်ငံဟာ နောက်မှာ ကျကျန်ရစ်ခဲ့တယ်။ နောက်မှာ ကျကျန်ခဲ့လို့လည်း ပိုပြီးတော့ ကြိုးစားရမယ်။ နောက်မှာကျကျန်ရစ်ခဲ့ပေမယ့်လည်း ကျွန်မတို့ရဲ့ ပြည်သူပြည်သားများရဲ့ အရည်အချင်းကတော့ မနိမ့်ပါဘူး။ ဒီအရည်အချင်းကို ပြုစုပျိုးထောင်ပြီးတော့ ပိုမိုပြီးတော့ခိုင်မာလာအောင်လို့ လုပ်နိုင်မယ်ဆိုရင် ကျွန်မတို့ လိုချင်တဲ့ ပန်းတိုင်ကို အမြန်ဆုံး ရောက်နိုင်မှာပါ။

> "တွေ့ဆုံပွဲတွေ လုပ်တဲ့အခါမှာ ကလေးတွေ လူငယ်တွေကို ဖိတ်ရတဲ့ အကြောင်းရင်းက ငယ်ငယ်ကတည်းက ကိုယ့်နိုင်ငံရဲ့ အရေးက ကိုယ်နဲ့ဆိုင်တယ်ဆိုတဲ့စိတ်ဓာတ် မွေးပေးချင်လို့ပါ။ ဒီနိုင်ငံရဲ့ ရှေ့ရေးက အထူးသဖြင့် လူငယ်တွေနဲ့ ဆိုင်တယ်"

**ပြည်သူတင်မြှောက်မှ အစိုးရဖြစ်**

"ကျွန်မ မကြာခဏ ပြောပါတယ်။ အစိုးရဆိုတာဟာ ပြည်သူ့အတွက်ဖြစ်တယ်။ ပြည်သူက အစိုးရအတွက် မဟုတ်ဘူး။ အစိုးရဆိုတာ ပြည်သူက ရွေးကောက်ထားလို့ ပြည်သူထဲက ထွက်ပေါ်လာတာပဲ။ အစိုးရအဖွဲ့ဝင်တွေထဲမှာ ပါတဲ့သူတွေကလည်း ပြည်သူပြည်သားတွေနည်းတူ ဒီနိုင်ငံရဲ့ နိုင်ငံသူနိုင်ငံသားတွေ လူသားတွေပဲဖြစ်ပါတယ်။ ဒါကြောင့် အစိုးရမို့လို့ ပြည်သူတွေထက် သာတယ်ဆိုတာဟာ လုံးဝမဟုတ်နိုင်ပါဘူး။ အထူးသဖြင့် ဒီမိုကရေစီစနစ်က ပြည်သူတွေရဲ့ အင်အားအပေါ်မှာ အခြေခံတာမို့လို့ အစိုးရဆိုတာ ပြည်သူတင်မြှောက်မှ အစိုးရဖြစ်နိုင်တာပါ။ ပြည်သူ့ရဲ့ ဆန္ဒမပါဘဲနဲ့ အုပ်ချုပ်တဲ့အစိုးရဆိုတာဟာ ဒီမိုကရေစီအစိုးရ မဖြစ်နိုင်ပါဘူး။ ပြည်သူ့ရဲ့ဆန္ဒအရ အုပ်ချုပ်ရေးတာဝန်ကို ယူထားတဲ့အစိုးရဆိုတာဟာ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို အကောင်းဆုံး အဖြစ်နိုင်ဆုံး ဖြည့်ဆည်းပေးဖို့တာဝန်ဟာ အဓိကဖြစ်ပါတယ်။

"ဒါကြောင့် ကျွန်မတို့ ပြည်သူ ပြည်သားတွေရဲ့ လိုအပ်ချက်တွေ ဆန္ဒတွေဟာ ဘာလဲဆိုတာကိုလည်း သိနိုင်အောင် ကျွန်မတို့ အမြဲကြိုးစားပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ အခွင့်အရေးကြုံတုန်း ဒီမှာရောက်နေတဲ့ ရွာသူရွာသားများထဲကများ တင်ပြချင်တာ၊ မေးမြန်းချင်တာရှိရင်မေးမြန်းပါ၊ တင်ပြပါလို့ ကျွန်မအနေနဲ့ ဆော်သြချင်ပါတယ်။ အဲဒီအတွက်လည်း မေးစရာရှိတဲ့ ပုဂ္ဂိုလ်များ၊ တင်ပြစရာရှိတဲ့ ပုဂ္ဂိုလ်များ မေးမြန်းတင်ပြကြပါလို့ ကျွန်မဖိတ်ခေါ်ပါတယ်"ဟု ပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ရှင်းလင်းဖြေကြားပြီး ဟားခါးလေးမြောက်ကျေးရွာနှင့် ဟားခါးလေးတောင်ကျေးရွာများရှိ ဒေသခံ ပြည်သူများအတွက် ဆန်နှင့် ဆီတို့ကို ထောက်ပံ့ပေးအပ်၍ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ရိုးရာတေးသီချင်းဖြင့် ဂုဏ်ပြု**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် ဟားခါးလေးမြောက်ကျေးရွာမှ ဟားခါးလေးတောင်ကျေးရွာသို့ မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြပြီး ဟားခါးလေးတောင်ရွာသို့ ရောက်ရှိစဉ် ဒေသခံပြည်သူများက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ရိုးရာဓလေ့တေးသီချင်းဖြင့် ဂုဏ်ပြုသီဆို ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တပ်မတော်ရဟတ်ယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ရောက်ရှိပြီး မြို့တော်ခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

စာမျက်နှာ ၅ သို့ ❖



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟားခါးလေးမြောက်ကျေးရွာတွင် ချင်းတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
ဓာတ်ပုံ-သက်အောင်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကလေးမြို့နယ်ခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ ဓာတ်ပုံ-သက်အောင်





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တွန်းဇံမြို့နယ် ဟားခါးလေးမြောက်ကျေးရွာတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။ ဓာတ်ပုံ-သက်အောင်

❖ စာမျက်နှာ ၄ မှ

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “ကလေးမြို့ဟာဆိုရင် ကျွန်မတို့နိုင်ငံရဲ့ တောင်တန်းတွေနဲ့ မြေပြန့်တွေ ဆက်နေတဲ့နေရာလို့ ပြောရင် လည်းမမှားပါဘူး။ ကျွန်မတို့နိုင်ငံက အင်မတန်ကျယ်ပြန့်တဲ့နိုင်ငံဖြစ်သလို ပထဝီအနေအထားအရလည်း တစ်နေရာနဲ့ တစ်နေရာ မတူပါဘူး။ တိုင်းရင်းသားများ၊ ယဉ်ကျေးမှုများ၊ ကိုးကွယ်တဲ့ဘာသာများ၊ ပြောဆိုတဲ့ ဘာသာစကားများကလည်း မတူပါဘူး။ ကျွန်မတို့နိုင်ငံက နေရာတိုင်း နေရာတိုင်းမှာ သူ့အလှနဲ့သူ တင့်တယ်ပါတယ်။ ကိုယ့်ဒေသရဲ့အလှ ပိုပြီးတင့်တယ်အောင် ပြည်သူပြည်သားများက လုပ်ဖို့ တာဝန်ရှိပါတယ်။ အုပ်ချုပ်တဲ့၊ တာဝန်ယူထားတဲ့ အစိုးရမှာလည်း တာဝန်ရှိသလို နိုင်ငံသူ နိုင်ငံသားများဟာလည်း နိုင်ငံသူ နိုင်ငံသားများရဲ့ တာဝန်ရှိပါတယ်။ ကျွန်မဘယ်သွားသွား တာဝန်ကို သတိပေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက်ရဲ့ တန်ဖိုးဟာ သူ့ရဲ့ဘယ်လောက် တာဝန်ကျေပွန်မှုရှိလဲ၊ စွမ်းအားရှိလဲဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။ “နိုင်ငံသူ နိုင်ငံသား တစ်ဦးချင်း တစ်ဦးချင်းကို တန်ဖိုးရှိစေချင်ပါတယ်။ တွေ့ဆုံပွဲတွေ လုပ်တဲ့အခါမှာ ကလေးတွေ၊ လူငယ်တွေကို ဖိတ်ရတဲ့အကြောင်းရင်းက ငယ်ငယ်ကတည်းက ကိုယ့်နိုင်ငံရဲ့အရေးက ကိုယ်နဲ့ဆိုင်တယ်ဆိုတဲ့ စိတ်ဓာတ်မွေးပေးချင်လို့ပါ။ ဒီနိုင်ငံရဲ့ ရှေ့ရေးက အထူးသဖြင့် လူငယ်တွေနဲ့ ဆိုင်တယ်။ လူငယ်တွေက အကြာကြီးနေသွားရမှာ။ လူကြီးတွေက ကြာလေကြာလေ သက်တမ်းက တိုလာလေ၊ နေရမယ့်အချိန်က တိုလာလေပါပဲ။ ကျွန်မတို့ထက်ပိုပြီး အရေးကြီးတာက လူငယ်တွေရဲ့ အနာဂတ်ပဲ ဖြစ်တယ်။ လူငယ်တွေကို လူကြီးတွေက အများကြီး ဖြည့်ဆည်းပေးနိုင်ဖို့လိုတယ်။ လူငယ်တွေက တစ်ခါပြန်ပြီး လူကြီးတွေကို ဖြည့်ဆည်းပေးနိုင်ဖို့လိုတယ်။ လူကြီးနဲ့ လူငယ်တွေကြားမှာ လူငယ်တွေက နားလည်မှုတည်ဆောက်ပေးနိုင်ဖို့ အင်မတန်အရေးကြီးပါတယ်။ တချို့လူငယ်တွေက လူကြီးနဲ့လူငယ် မတူဘူးလို့ ထင်တတ်ကြတယ်။ လူငယ်တွေက တစ်နေ့ လူကြီးဖြစ်လာမယ်။ ရှောင်လို့ မရပါဘူး။ တစ်နေ့ ဒီလမ်းကို သွားရမှာပဲ။ လူကြီးတွေကလည်း တစ်ချိန်တစ်ခါတုန်းက လူငယ်တွေ ဖြစ်ခဲ့တာပဲ။ အဲဒီဘဝကို မမေ့ဖို့ အင်မတန်အရေးကြီးပါတယ်။

“တစ်ယောက်နဲ့တစ်ယောက် ကိုယ်ချင်းစာနာမှုရှိမှ တကယ့်နားလည်မှုကို တည်ဆောက်နိုင်မယ်။ ကျွန်မတို့ တိုင်းရင်းသားတွေကြားထဲမှာလည်း ဒီအတိုင်းပဲရှိစေချင်တယ်။ ချင်းပြည်နယ်ဟာ စစ်ကိုင်းတိုင်းနဲ့စာရင် ပထဝီအနေအထားအရ အင်မတန်ကြမ်းတမ်းတယ်။ အင်မတန်ခက်ခက်ခဲခဲနဲ့ နေထိုင်စားသောက်လှုပ်ရှားသွားလာကြရတယ်။ ဒါပေမယ့် ချင်းတိုင်းရင်းသား ပြည်သူများဟာ မြေပြန့်နဲ့မခြားအလားတူပဲ လူ့သိက္ခာနဲ့ ကိုက်ညီအောင် နေထိုင်ကြတယ်။

“လူတိုင်းလူတိုင်းဟာ ဘယ်နေရာမှာပဲဖြစ်ဖြစ် လူ့သိက္ခာနဲ့ ကိုက်ညီစွာ ချမ်းချမ်းသာသာ ကျန်းကျန်းမာမာနဲ့ နေနေကြတယ်။ ဒါကြောင့် ကျွန်မက ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ နှုတ်ဆက်လိုက်တဲ့အခါ အားလုံးပြည့်စုံသွားတယ်။ ဆုပေးချင်တယ်ဆိုရင်တော့ ကျွန်မက နှလုံးစိတ်ဝမ်းအေးချမ်းပါစေလို့ ပြောတယ်။ ကိုယ်စိတ်ချမ်းသာမှုမရှိဘူးဆိုရင် နှလုံးစိတ်ဝမ်း မအေးချမ်းနိုင်ဘူး။ ကလေးတွေက ကလေးအတိုင်းအတာနဲ့၊ လူကြီးတွေက လူကြီးအတိုင်းအတာနဲ့ ပူပင်ရတာတွေ၊ စိုးရိမ်ရတာတွေရှိပါတယ်။ လူကြီးက ပိုပြီးပူပင်ရတယ်လို့ ပြောပေမယ့် ကလေးတွေ စာမေးပွဲအတွက် စိုးရိမ်ရတာက ကလေးအတွက် အင်မတန်မှကြီးတဲ့ ပြဿနာဖြစ်ပါတယ်။ ပညာရေးစနစ်ကိုလည်း အခုဆိုရင် ကျွန်မတို့နိုင်ငံအတွက် အကျိုးဖြစ်မယ့် ပညာရေးစနစ်သာမက ကျွန်မတို့လူငယ်တွေနဲ့ ကိုက်ညီတဲ့ပညာရေးစနစ်ကို ဦးတည်ပါတယ်။ လူငယ်တွေရဲ့ခေတ်နဲ့ ကိုက်ညီတဲ့ ပညာရေးစနစ်။ ဘယ်လို ပညာရေးစနစ်လဲဆိုရင် လူတစ်ယောက်ကို ဘက်စုံပြည့်ဝဖွံ့ဖြိုးတဲ့ လူလိုဖြစ်အောင် ဆောင်ရွက်ပေးနိုင်တဲ့ ပညာရေးစနစ်ပါ။ အဲဒီလိုအပ်ချက်နဲ့ ကိုက်ညီအောင် ကျွန်မတို့က ပညာရေးစနစ်ကို ထူထောင်ရမယ်။

**ရေမရှိခြင်းရဲ့ဒုက္ခက အင်မတန်ကြီးမား**

“ကျွန်မတို့ ချင်းပြည်နယ်ကို လှည့်လည်သွားတဲ့အခါ တချို့နေရာတွေမှာ ရေရှားပါးမှုရှိတယ်။ ရေဆိုတာက အဓိကလိုအပ်ချက်ပဲ။ ရေရှားပါးတဲ့ နေရာမှာဆိုရင် ရေမရှိခြင်းရဲ့ ဒုက္ခက အင်မတန်ကြီးမားပါတယ်။ ဒုတိယက လမ်းပန်းဆက်သွယ်ရေးပါ။ ရွာတိုင်း ရွာတိုင်းက ဆေးခန်း လိုချင်တယ်၊ ကျောင်းလိုချင်တယ်။

“ဘာဖြစ်လို့ ဒီလောက်လိုအပ်နေလဲဆိုရင် လမ်းပန်းဆက်သွယ်ရေးဆိုးလို့ပါ။ လမ်းပန်းဆက်သွယ်ရေးကောင်းတယ်ဆိုရင် တစ်ရွာကနေပြီး နောက်တစ်ရွာမှာရှိတဲ့ ကျောင်းကိုသွားဖို့လွယ်တယ်။ ဆေးခန်းလည်း ထိုနည်းလည်းကောင်းပဲ။ ဆေးခန်းက နီးတယ်ဆိုရင် ကိုယ့်ရွာမှာ ရှိတာ၊ မရှိတာ အဓိကမဟုတ်တော့ဘူး။ သွားရလာရ လွယ်တယ်။ လမ်းပန်းဆက်သွယ်ရေးဆိုးတဲ့အခါကျတော့ ကျောင်းသွားရတာလည်း ခက်တယ်၊ အရေးအကြောင်းဆို လူနာကို ဆေးခန်းကို အချိန်မီပို့ရတာလည်း ခက်တယ်။ ဒီတော့ ကိုယ့်ဆေးခန်းကိုယ်လိုချင်တယ်။ ကိုယ့်ကျောင်းကိုယ်လိုချင်တဲ့ ဆန္ဒတွေပေါ်လာတယ်။

**ပြုစုပျိုးထောင်**

“အဲဒီတော့ ဆက်သွယ်ရေးကအဓိကပဲ၊ ကျွန်မတို့ အချင်းချင်းဆက်သွယ်လို့ရအောင် လမ်းတွေ ဖောက်ရမယ်။ အချင်းချင်း ဆက်သွယ်နိုင်တဲ့ စိတ်ဓာတ်တွေဖြစ်အောင်လို့လည်း ပညာရေးအရ၊ စိတ်ဓာတ်ရေးရာအရ ကျွန်မတို့ တည်ဆောက်ပေးဖို့လိုတယ်။ ကျွန်မတို့နိုင်ငံက ပြည်ထောင်စုပါ။ ပြည်ထောင်စုဆိုပေမယ့် လိုလားတောင့်တနေတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတော့ အပြည့်အဝ မဖြစ်သေးဘူး။ အဲဒါဖြစ်ဖို့ အားလုံးဝိုင်းပြီး ကြိုးစားရမယ်။

“ဒါက နိုင်ငံရေးကိစ္စသက်သက်သာ မဟုတ်ပါဘူး။ လူမှုရေးကိစ္စလည်း ဖြစ်ပါတယ်။ စီးပွားရေးကိစ္စလည်း ဖြစ်ပါတယ်။ ကလေးမြို့ဟာ တောင်တန်းနဲ့ မြေပြန့်ကို ဆက်သွယ်ထားတဲ့ ဒေသတစ်ခုပါ။ တောင်တန်းက ကျွန်မတို့ တိုင်းရင်းသားတွေရဲ့ အခြေအနေတွေကိုလည်း သိနိုင်တယ်။ မြေပြန့်က ကျွန်မတို့ နိုင်ငံသူနိုင်ငံသားတွေရဲ့ အခြေအနေကိုလည်း သိနိုင်တယ်။ အဲဒီလို နေရာမျိုးမှာရှိတဲ့ ပြည်သူ ပြည်သားတွေရဲ့ ကဏ္ဍဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဆက်သွယ်ပေးတဲ့ ပေါင်းကူးတံတားအနေနဲ့ ကျွန်မတို့ ကလေးမြို့ကို ဖြစ်စေချင်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အဓိကမွေးမြူပြီးတော့ ဖွံ့ဖြိုးအောင်လုပ်ပေးတဲ့ နေရာတစ်နေရာ ဖြစ်စေချင်ပါတယ်။ အဲဒီလိုလုပ်ဖို့ဆိုတာ ကလေးတွေကနေ စရပါမယ်။ လူငယ်တွေကနေစရပါမယ်။ လူငယ်တွေက ငယ်ငယ်ကတည်းက အများအတွက် စဉ်းစားတတ်တဲ့ စိတ်ထားတွေကို ပြုစုပျိုးထောင်ရမယ်။ ကိုယ်တစ်ယောက်တည်း ကောင်းအောင်နေလို့ ကိုယ့်ပတ်ဝန်းကျင်က မကောင်းရင် ကိုယ်တစ်ယောက်တည်း ဘယ်လိုမှ ဆက်ပြီးကောင်းမှာ မဟုတ်ပါဘူး။

**မိသားစုသဖွယ်စိတ်ထား**

“ဒါကြောင့် အခု ရှေ့မှာထိုင်နေတဲ့ ကလေးများ သေသေချာချာ စဉ်းစားပါ။ ကိုယ့်ကိုယ်ကိုယ် တခြားလူတွေအတွက် တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်အောင် ဘယ်လိုနေမလဲဆိုတာ စဉ်းစားစေချင်တယ်။ ကိုယ့်အတွက်ပဲ တန်ဖိုးရှိတယ်ဆိုရင် တကယ်တန်ဖိုးရှိတဲ့သူ မဟုတ်ပါဘူး။ သူများတွေအတွက် တန်ဖိုးရှိမှ တန်ဖိုးရှိတယ်လို့ ပြောနိုင်မှာပါ။ ဒီလိုစိတ်ဓာတ်တွေကို ပြုစုပျိုးထောင်မှသာ နောင်ကျရင် ဒီနိုင်ငံကြီးကို အကျိုးပြုနိုင်မယ့် လူကြီးတွေဖြစ်လာမှာပါ။

“ပြည်နယ်နဲ့ တိုင်းတွေမှာ အရေးကြီးတာကတော့ ပြည်နယ်/တိုင်းအစိုးရတွေ ကဏ္ဍ ဖြစ်ပါတယ်။ ပြည်နယ်/တိုင်းအစိုးရတွေဟာ ပြည်ထောင်စုအစိုးရနဲ့စာရင် ဒေသခံတွေနဲ့ထိတွေ့မှု အင်မတန်မှများပါတယ်။ ပြည်နယ်/တိုင်းတွေ တိုးတက်မှုနဲ့ပတ်သက်ပြီးတော့ ပြည်နယ်/တိုင်းအစိုးရတွေက ပြည်ထောင်စုအစိုးရတွေထက် ပိုပြီးထိထိရောက်ရောက် လုပ်နိုင်မယ်လို့ ပြောရင် မမှားပါဘူး။ ကိုယ်နဲ့ နိစ္စဓူဝ ထိတွေ့နေရတဲ့ ပြည်သူတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဖို့တာဝန်ဆိုတာ ပြည်နယ်/တိုင်းအစိုးရတွေအပေါ်မှာ အင်မတန်မှ ကြီးကြီးမားမားရှိနေတာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ပြည်သူ ပြည်သားတွေကလည်း ပြည်နယ်/တိုင်းအစိုးရတွေကို ကိုယ့်ရဲ့ မိသားစုသဖွယ် စိတ်ထားပြီးတော့ လိုအပ်တာတွေကို တောင်းဆိုပါ။ မလိုအပ်ဘဲနဲ့တော့ မတောင်းဆိုပါနဲ့။ အဲဒါဟာ ဘယ်သူ့အတွက်မှ အကျိုးမရှိပါဘူး။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

“နောက်ပြီးတော့လည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးပါ။ ဆွေးနွေးစရာရှိရင် ဟိုဘက်ဒီဘက် မျှမျှတတဖြစ်အောင် ဆွေးနွေးပြီးတော့မှ အဖြေရှာကြပါလို့ ကျွန်မ တိုက်တွန်းချင်ပါတယ်”ဟု ပြောသည်။

ဆက်လက်၍ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဆွေးနွေးဖြေကြားပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကလေးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနဧည့်ရိပ်သာ၌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် ကလေးမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **သတင်းစဉ်**

# လာအိုနိုင်ငံ သံအမတ်ကြီးခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ သံအမတ်ကြီး မစ္စတာ လိုင်ရင်း ဆိုင်ညဇန်၏ နေရာတွင် မစ္စတာ ငွန်းဆဲန် ခမ်ဒါလာဗွန် အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ငွန်းဆဲန် ခမ်ဒါလာဗွန်ကို ၁၉၆၂ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် လာအိုနိုင်ငံ၊ ဟွာဖန်းပြည်နယ်၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၁ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ဂျာမနီနိုင်ငံ Leipziger တက္ကသိုလ်တွင် ဥပဒေဘာသာရပ်ကို သင်ကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေ မဟာဘွဲ့ကို ရရှိခဲ့သည်။

မစ္စတာ ငွန်းဆဲန် ခမ်ဒါလာဗွန်သည် ၁၉၈၀ ပြည့်နှစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ဘွန်းမြို့နှင့် ဂျကာတာမြို့များရှိ လာအိုနိုင်ငံ သံရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်မှစတင်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဒုတိယအမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ငွန်းဆဲန် ခမ်ဒါလာဗွန် သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး ကလေးနှစ်ဦးရှိသည်။ **သတင်းစဉ်**

# စားကျက်မြေ၊ မြေလွတ်၊ မြေရိုင်းများကို မြို့ပြဖွံ့ဖြိုးမှုအတွက် စနစ်တကျရေးဆွဲပြီး မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဖော်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ကော်မတီတစ်ခုဖွဲ့စည်းခြင်းကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ပုဇွန်တောင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ အတွင်းရေးမှူးအဖြစ် ရွှေကျင် မဲဆန္ဒနယ်မှ ဦးစောသလေးစောနှင့် အဖွဲ့ဝင် ၁၆ ဦးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူပြီး တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီဖွဲ့စည်းကြောင်း ကြေညာသည်။


ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း


ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော်


သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်

## ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်သည့် မေးခွန်းများဖြေကြား

ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ စက်မှုဇုန်(၁)၊ စက်မှုဇုန်(၂)နှင့် စက်မှုဇုန်(၃)နယ်မြေအတွင်းရှိ စက်မှုလက်မှုလုပ်ငန်းရှင်များအတွက် လိုအပ်လျက်ရှိသော စက်ရုံ၊ အလုပ်ရုံ မြေနေရာရရှိရေး မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုလယ်ယာ(Contract Farming) အတွက် ခွင့်ပြုထားသောမြေများကို Local Industrial Zone အဖြစ် Land Use ပြောင်းလဲသတ်မှတ် အကောင်အထည်ဖော်နိုင်လျှင် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများအတွက် မြေကွက်များဖော်ထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

ကော့သောင်း မဲဆန္ဒနယ်မှ ဦးခင်ဇော်၏ **၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေအား ခေတ်နှင့်လျော်ညီသော ဥပဒေအဖြစ် ပြင်ဆင်ပေးရန် သို့မဟုတ် အသစ်ရေးဆွဲရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေအား ခေတ်နှင့်လျော်ညီသော ဥပဒေအဖြစ် ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် ယခင် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင်ရှိပြီး ယခုအချိန်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာန လက်အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဥပဒေပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းများနှင့် သက်ဆိုင်ရာကိစ္စရပ်များအား ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်းနှင့် ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ရှင်းလင်းဖြေကြားကြသည်။

## မြေလွတ်မြေရိုင်းများဖော်ထုတ်၍ မြို့ရွာစီမံချက် အမြန်ဆုံးဆောင်ရွက်ရန် တိုက်တွန်း

ထို့နောက် သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် တင်သွင်းသည့် **နိုင်ငံတွင် တစ်နေ့တခြား လူဦးရေထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန်နေရာအခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်ကို စနစ်တကျအမြန်ဆုံး ချမှတ်ဆောင်ရွက်ပေးပါရန် အစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းက အဆိုရှင်တင်ပြသွားသကဲ့သို့ တစ်နေ့တခြား ထူထပ်များပြားလာသည့် လူဦးရေများနှင့် အကြောင်းအမျိုးမျိုးကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်နေသူများအား နေထိုင်ရန်အဆင်ပြေစေရေးအတွက် မြို့ရွာစီမံချက်များကို စနစ်တကျ အမြန်ဆုံးချမှတ်ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုထောက်ခံ ဆွေးနွေးသည်။

ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက အဆိုရှင်၏ ပထမအပိုင်းတွင် နိုင်ငံတစ်ဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်ရန်လိုအပ်သည်ဟု ပါရှိပါကြောင်း၊ ယခုလက်ရှိအနေအထားတွင် **စာမျက်နှာ ၇ သို့ »»**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ပညာရေးဝန်ကြီးဌာနနှင့်ပတ်သက်သည့် မေးခွန်းများဖြေကြား

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **ရှမ်းပြည်နယ်မြောက်ပိုင်း ဟိုပန်ခရိုင် မိုင်းမောမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် ဖွင့်လှစ်သင်ကြားနေသော အခြေခံပညာမူလတန်းအဆင့်ကျောင်းများကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှမ်းပြည်နယ် မိုင်းမောမြို့နယ် လုံထန်ကျေးရွာ- ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းတွင် မူလတန်းဆင့်သင် ကျောင်းသားကျောင်းသူ (၃၅၀)ရှိပါကြောင်း၊ အနီးဆုံးပင်မကျောင်းဖြစ်သော ဝလင်း- အခြေခံပညာမူလတန်းကျောင်းနှင့် မိုင်(၉၀)ခန့် ဝေးပါကြောင်း၊ ကလုံပါကျေးရွာ- ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းတွင် မူလတန်းဆင့်သင် ကျောင်းသား ကျောင်းသူ (၂၆၄)ဦးရှိပါကြောင်း၊ အနီးဆုံးပင်မကျောင်းဖြစ်သော မိုင်းမော- အခြေခံပညာ အလယ်တန်းကျောင်းနှင့် (၁၀၅)မိုင်ခန့်ကွာဝေးပါကြောင်း၊ လုံခွာကျေးရွာ- ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းတွင် မူလတန်းဆင့်သင် ကျောင်းသား ကျောင်းသူ (၁၉၃) ဦး ရှိသော်လည်း အနီးဆုံးပင်မကျောင်းဖြစ်သော မိုင်းမော- အခြေခံပညာအထက်တန်းကျောင်းနှင့် မိုင် ၅၀ ခန့် ကွာဝေးပါကြောင်း။

ကုန်းလိမ်းကျေးရွာ- ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းတွင် မူလတန်းဆင့်သင် ကျောင်းသား ကျောင်းသူ (၉၀)ရှိပါကြောင်း၊ အနီးဆုံးပင်မကျောင်းဖြစ်သော မိုင်းမော- အခြေခံပညာအထက်တန်းကျောင်းနှင့် (၂၅) မိုင်ခန့်ကွာဝေးပါကြောင်း၊ ယောင်ဝါးကျေးရွာ- ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းတွင် မူလတန်းဆင့်သင် ကျောင်းသား ကျောင်းသူ (၅၇)ဦးရှိပြီး အနီးဆုံးပင်မကျောင်းဖြစ်သော မိုင်းမော- အခြေခံပညာအထက်တန်းကျောင်းနှင့် မိုင်(၃၀)ခန့် အသီးသီးကွာဝေးကြပါကြောင်း။

ထို့ကြောင့် မိုင်းမောမြို့နယ် လုံထန်ကျေးရွာ- ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း၊ ကလုံပါကျေးရွာ- ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း၊ လုံခွာကျေးရွာ- ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း၊ ကုန်းလိမ်းကျေးရွာ- ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းနှင့် ယောင်ဝါးကျေးရွာ- ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းတို့ကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်သည့်အချိန်တွင် အဆင့်တိုးမြှင့်နိုင်ရန် အမှုတွဲတင်ပြဆောင်ရွက်၍ စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၏ **မွန်ပြည်နယ် ရေးမြို့နယ် မြောက်ပိုင်းရှိ မော့ကနင်ကျေးရွာအုပ်စု မော့ကနင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ အန္တရာယ်ရှိသော ကျောင်းဆောင်ဟောင်းကို ဖျက်သိမ်း၍ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရေးမြို့နယ် မော့ကနင်ကျေးရွာ- အခြေခံပညာအထက်တန်းကျောင်းတွင် အန္တရာယ်ရှိ ကျောင်းဆောင်ဖြစ်သော(ဗညားဒလ)ဆောင်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖျက်သိမ်းစေရန် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထို့နောက် ပေ (၁၃၀ × ၃၀) RCC နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေလျာထားဆောင်ရွက်ပေးမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ် မှောင်တလန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ချင်းပြည်နယ် ထန်တလန်မြို့နယ် မှောင်တလန်- အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တွင် အထက်တန်းဆင့်သင် ကျောင်းသား ကျောင်းသူ (၁၄)ဦးသာရှိပါကြောင်း၊ သို့သော် အနီးဆုံး အထက်တန်းဆင့်သင်ကျောင်းဖြစ်သော ဟရီဖိး- အခြေခံပညာအထက်တန်းကျောင်းနှင့် (၂၅)မိုင်ခန့်ကွာဝေးနေပါကြောင်း။

သို့ဖြစ်ပါ၍ ဒေသခံလူငယ်များ ပညာသင်ယူမှု အခွင့်အလမ်းတိုးမြှင့်ရရှိစေရန်အတွက် ထန်တလန်မြို့နယ် မှောင်တလန်- အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ခြင်းအတွက် စိစစ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။


ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း


ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂)မှ ဦးစိုင်းစံအောင်


မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ်

အလားတူ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်းနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် **မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ်က အဆိုပါဥပဒေကြမ်းအား ပြင်ဆင်ချက်အဆိုတင်သွင်းရခြင်း ရည်ရွယ်ချက်မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်၊ ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေစွာ အလျင်အမြန် ပြုပြင်ပြောင်းလဲစေရန် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်၊ ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေသည့် စီးပွားရေးလုပ်ငန်းများသည် ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများသာ ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများသည်သာ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး အဓိကမောင်းနှင်အား ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးသည် ပုဂ္ဂလိကကဏ္ဍကို အဓိကထား မဏ္ဍိုင်ပြုရမည် ဖြစ်ပါကြောင်း။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို အစုရှယ်ယာတန်ဖိုးသတ်မှတ်ရောင်းချလိုက်ခြင်းဖြင့် မူလအဆိုပြု ဥပဒေကြမ်းပါ ရည်ရွယ်ချက်များအားလုံး ပြည့်မီပြီးမြောက်သွားမည်ဖြစ်ပါကြောင်း၊ အစုရှယ်ယာရောင်းချရသည့် ငွေကြေးများသည်လည်း နိုင်ငံတော်ဘဏ္ဍာအတွင်း ဝင်ရောက်လာပြီး လိုငွေပြနေသည့် နိုင်ငံတော်ဘတ်ဂျက်ကိုလည်း တစ်နည်းတစ်လမ်း ဖြည့်သွင်းနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံသားများ၏ ငြိမ်သက်နေသည့် စုဆောင်းငွေများသည်လည်း ဆက်သွယ်ရေးလုပ်ငန်း အစုရှယ်ယာ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ အမြတ်ငွေများရရှိခြင်းဖြင့်လည်း တိုင်းပြည်၏ စီးပွားရေးသည် သွက်လက်မြန်ဆန် ရှင်သန်ဖွံ့ဖြိုးလာမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို အမှန်တကယ် အကောင်အထည်ဖော်နိုင်မည့် စံပြဥပဒေတစ်ခုဖြစ်လာရန်အတွက် မိမိ၏ ပြင်ဆင်ချက်များကို ဥပမာအနေဖြင့် တင်ပြရခြင်း ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့်လည်း အစိုးရအဖွဲ့မှ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ မြန်မြန်ဆန်ဆန် ရဲရဲဝံ့ဝံ့ ပြုလုပ်ရန် အကြံပြုတိုက်တွန်းစေလိုပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းလွင်ဌေးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ဇန်နဝါရီ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

»» စာမျက်နှာ ၆ မှ

စားကျက်မြေဟု သတ်မှတ်ထားသော်လည်း လယ်ယာမြေများလုပ်ကိုင်နေသည်ကို တွေ့ရှိရပါကြောင်း၊ အချို့တောင်သူများသည် လုပ်ပိုင်ခွင့် ပုံစံ(၇)များပင် ထုတ်ပေးထားပြီး အချို့သည် ရရှိရန်အတွက် ကြိုးစားနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် စနစ်တကျ ပြန်လည်စိစစ်ရန် လိုအပ်နေပါကြောင်း။

အဆို၏ ဒုတိယပိုင်းတွင် တစ်နေ့တခြား တိုးပွားလာသော လူဦးရေကြောင့် နေထိုင်စရာ အိုးမဲ့အိမ်မဲ့များ များပြားလာပါကြောင်း၊ အိုးမဲ့အိမ်မဲ့များလာလျှင် ကျူးပြဿနာများ ပိုများလာမည်ဖြစ်ပါကြောင်း၊ ယနေ့တိုင်းပြည်၏လူဦးရေ များပြားလာသောကြောင့် စနစ်တကျ Village Plan၊ Town Plan များ ချထားဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူ့အစိုးရအနေဖြင့် ဥပဒေစည်းမျဉ်းစည်းကမ်းများ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျကြပ်မတ်ဆောင်ရွက်မှုဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ နေထိုင်ရေးပြဿနာကို ဖြေရှင်းပေးနိုင်ရန် မြို့ရွာစီမံချက်များ စနစ်တကျ ဆောင်ရွက်ရန်အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး (ခ)ဦးနေမျိုး၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း၊ မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၊ ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးညဏ်လင်း၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းဦး၊ မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင်၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်နှင့် လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေများကို အခြားနည်းအသုံးပြုရန်ဖြစ်သော်လည်း စက်မှုဇုန်၊ ကျောင်း၊ ဆေးရုံ၊ လူနေအိမ်ရာတို့အဖြစ် ပြောင်းလဲခြင်းများသည် မြို့ပြဖွံ့ဖြိုးမှုနှင့် သက်ဆိုင်သည့်အတွက် လူဦးရေတိုးတက်မှုနှုန်း၊ ဖွံ့ဖြိုးမှုအလားအလာများကို အခြေပြုဆန်းစစ်ပြီးမှသာ မြို့ရွာဖွံ့ဖြိုးရေး စီမံချက်များအား ရေးဆွဲဆောင်ရွက်သွားရမည့် လုပ်ငန်းရပ်များ ဖြစ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့သည် မြို့ရွာ ပြင်ဆင်တိုးချဲ့ခြင်းများ ဆောင်ရွက်လိုပါက ဒေသခံပြည်သူများ၏ သဘောဆန္ဒများကိုရယူ၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များမှ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၅၄ နှင့် အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သစ်တောမြေအဖြစ်မှ လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် ပယ်ဖျက်ပေးလျက်ရှိရာ ကျေးရွာများအတွက် လယ်မြေ၊ ယာမြေ၊ သာသနာ၊ အများပိုင်မြေဧကများအား သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

စားကျက်မြေ၊ မြေလွတ်၊ မြေရိုင်းများကို မြို့ပြဖွံ့ဖြိုးမှုအတွက် စနစ်တကျ သတ်မှတ်ရေးဆွဲထားပြီး မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ခြင်းအားဖြင့် တရားမဝင်ကျူးကျော်ဝင်ရောက်နေထိုင်မှုများနှင့် ကိုယ်ကျိုးရှာစီးပွားရေးသမားများက လယ်မြေများကို ဝယ်ယူ၍ ပြန်လည်ရောင်းချခြင်းများ လျော့နည်းပပျောက်သွားနိုင်ပြီး ကျေးရွာများသည်လည်း စနစ်တကျဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အဆိုအား မိမိဝန်ကြီးဌာနမှ ထောက်ခံပါကြောင်းနှင့် အဆိုအား အတည်ပြုပေးပါရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ဇန်နဝါရီ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းနှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခြင်းနှင့် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် ဦးကျော်စိုးလင်း၊ ဦးနေဖူးဗဆွေ၊ ဒေါက်တာမြတ်ညဏစိုးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာနှင့် တူရကီနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ညှိနှိုင်းဆွေးနွေးပွဲများ တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ညှိနှိုင်းဆွေးနွေးပွဲများ တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီး မစ္စတာ ဟိုင်းဒါကီရမ် ဒီဗန်လီယိုဂလူတို့က နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများကိုယ်စား လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်စိတ်ဝင်စားမှုရှိသည့် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ ကျောဖုံးမှ

ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ အလှူခံခဲ့ပြီး အချို့ဒေသများ၌ တိုင်းရင်းသားများထံမှတစ်ဆင့် ဝယ်ယူစုဆောင်း၍ ခင်းကျင်းပြသထားခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

ပြခန်းကို ရုံးဖွင့်ရက်များတွင် ဖွင့်လှစ်ထားမည်ဖြစ်ပြီး လွတ်လပ်စွာ လာရောက်လေ့လာနိုင်ကာ လာရောက်လေ့လာသူများအနေဖြင့်လည်း တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာအသုံးအဆောင်ပစ္စည်းများနှင့် တူရိယာပစ္စည်းများကို တစ်နေရာတည်း၌ စုံလင်စွာ လေ့လာနိုင်မည်ဖြစ်သည်။

"တချို့တိုင်းရင်းသားဝတ်စုံတွေက မမြင်ဖူးတာတွေ ရှိတယ်။ ဒီမှာလေ့လာခြင်းအားဖြင့် တစုတစည်းတည်း မြင်တွေ့နိုင်မှာဖြစ်ပါတယ်။ ပြီးတော့ ဒီပြခန်းဖွင့်ခြင်းအားဖြင့် ရိုးရာဝတ်စားဆင်ယင်မှု၊ အသုံးအဆောင်ပစ္စည်းတွေကို မြတ်နိုးတန်ဖိုးထားတဲ့စိတ်တွေ ပေါ်ပေါက်စေဖို့ကိုလည်း ရည်ရွယ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က ပြောသည်။

ထို့ပြင် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ အတွေးအခေါ်၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့နှင့် ပွဲတော်များစသည့် ထိတွေ့ကိုင်တွယ်၍မရသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ ၎င်းက "ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နဲ့ ပတ်သက်လို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေနဲ့လည်း တစ်ဖက်တစ်လမ်းကနေ ပူးပေါင်းကူညီပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့ ၃၀၀ ကျော်နဲ့လည်း ချိတ်ဆက်ပြီး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်သွားပါမယ်"ဟု ပြောသည်။

**သတင်း-ကျော်မျိုးမော်**
**ဓာတ်ပုံ-ထန်းဖုန်**

# ကလေးစာပေပွဲတော် လာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး ပွဲတော်နောက်ဆုံးနေ့သို့ လာရောက်သူ ခြောက်သောင်းကျော်ရှိခဲ့



ကလေးစာပေပွဲတော် (မြစ်ကြီးနား)သို့ လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**မြစ်ကြီးနား ဇန်နဝါရီ ၂၂**

ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ နောက်ဆုံးနေ့ကို မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှ ပွဲတော်ပိတ်သိမ်းချိန် ညနေ ၅ နာရီအထိ ပွဲတော်လာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး ယနေ့ပွဲတော် နောက်ဆုံးနေ့သို့ လာရောက်သူ ခြောက်သောင်းကျော်ရှိခဲ့ကြောင်း သိရသည်။

**စိတ်ဝင်တစား ကြည့်ရှုအားပေး**

ယနေ့ပွဲတော်တွင် လီဆူ၊ ရဝမ်၊ တိုင်းလိုင်၊ လာချိဒ်၊ တိုင်းလုံ၊ ဇိုင်ဝါးနှင့် တိုင်းလေ တိုင်းရင်းသားများက ရိုးရာအကများဖြင့် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့ရှိ ဖျော်ဖြေရေးစင်မြင့်၌ ကပြဖျော်ဖြေကြရာ ပွဲတော်လာရောက်သူများက စိတ်ဝင်တစား ကြည့်ရှုအားပေးကြသည်။

ထို့အတူ ဖျော်ဖြေရေးစင်မြင့်၌ ရုပ်သေးအကနှင့် ကျောက်ဆည်မြို့ ရိုးရာဆင်အကအဖွဲ့တို့ကလည်း ဖျော်ဖြေတင်ဆက်ခဲ့ကြသည့်အပြင် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအတွင်း၌ ကချင်ပြည်နယ်ရှိ ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူများကလည်း ကပြဖျော်ဖြေကြသည်။

ပွဲတော်သို့ လာရောက်ကြသည့် ကလေးများအတွက် စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ အရုပ်ဆက်၊ အိမ်တည်ဆောက်မှုပြိုင်ပွဲများနှင့် စုပေါင်းယှဉ်ပြိုင်ရသည့် ဂိမ်းကစားနည်းပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပပေးခဲ့သည်။

ပွဲတော်နောက်ဆုံးနေ့ စာပေဟောပြောပွဲတွင် စာရေးဆရာ မြစ်ငယ်အကျော်အမော်က **"နဘေကဗျာ အထူးဂုဏ်ရတဲ့ စလေဆရာဦးပုည"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ အကြီးကိုကို(ကသာ)က **"ကောင်းကင်မှာ စီးချင်းထိုးမယ့်ကြယ်"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးခဲ့ပြီး စာပေစကားဝိုင်းတွင် **"လူငယ်နှင့် စာပေ"** ခေါင်းစဉ်ဖြင့် မောင်နော်အောင်၊ မသိမ့်နန္ဒာထွန်း၊ မဖြိုးသန္တာကျော်နှင့် မောင်ဇော်မျိုးထိုက်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေး**

အလားတူ ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ကိုပြည့်စုံ၊ ဖြိုးရတနာ(ရက္ခပေဒ)၊ လင်းဇော်ဦး၊ အကြီးကိုကို(ကသာ)၊ ကိုအောင်ငွေစိုးတို့က **"နှလုံးသားအလှ စာအလှ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ ပွဲတော်လာရောက်သူများက စိတ်ပါဝင်စားစွာ တက်ရောက်နားထောင်ခဲ့ကြသည်။

ထို့ပြင် ကလေးစာပေပွဲတော် (မြစ်ကြီးနား)တွင် အသိပညာပေးပြခန်းများ ပါဝင်ပြသထားပြီး အဆိုပါပြခန်းများသို့ ပွဲတော်လာရောက်သူများသည် စိတ်ဝင်တစား လေ့လာကြည့်ရှုကြသည်။

အလားတူ လော်ဝေါ်၊ ရဝမ်၊ လာချိဒ်၊ ဂျိန်းဖော၊ လီဆူ၊ ဇိုင်ဝါး၊ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းခမ်းတီ စသည့် တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုပြခန်းများကိုလည်း ဝင်ရောက်လေ့လာသူ အများအပြားရှိကြောင်း သိရသည်။

ပွဲတော်တွင် စာအုပ်ထုတ်ဝေရေးနှင့် ဖြန့်ချိရေးလုပ်ငန်းများမှ စာအုပ်အရောင်းဆိုင် ၅၁ ဆိုင် လာရောက်ရောင်းချခဲ့ပြီး ပွဲတော်ကျင်းပသည့် သုံးရက်အတွင်း ငွေကျပ်သိန်း ၃၆၀ ခန့် ရောင်းချခဲ့ရကြောင်း သိရသည်။

ကလေးစာပေပွဲတော် (မြစ်ကြီးနား)သို့ လာရောက်သည့် ကျောင်းသား ကျောင်းသူများအတွက် တီရှပ်အင်္ကျီ ၆၀၀၀ ကျော်၊ ဗလာ စာအုပ် ၆၀၀၀ ကျော်၊ ကလေးကဗျာ၊ ပုံပြင် နှင့် ကာတွန်းစာအုပ် ၉၀၀၀ ကျော်ကို ဝေငှ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချီးမြှင့်ပေး**

ထို့ပြင် ကျောင်းသား ကျောင်းသူများအတွက် ပြိုင်ပွဲအမျိုးအစားပေါင်း ၂၀ ကျင်းပပေးခဲ့ပြီး ဖျော်ဖြေရေးအစီအစဉ် ၁၁၂ ခုတွင် ပါဝင်ဖျော်ဖြေသူ ကျောင်းသား ကျောင်းသူ ၁၅၀၅ ဦးအပါအဝင် ပြိုင်ပွဲများသို့ စုစုပေါင်း ၃၀၀၃၅ ဦး ပြိုင်ပွဲဝင်ခဲ့ကြကာ ဆုပေါင်း ၁၄၆ ဆု ချီးမြှင့်ပေးနိုင်ခဲ့သည်။

ပွဲတော်ပထမနေ့သို့ ပွဲတော်လာရောက်သူ ငါးသောင်းကျော်နှင့် ဒုတိယနေ့သို့ လာရောက်သူ ခြောက်သောင်းကျော်၊ ယနေ့တွင် ခြောက်သောင်းကျော်ရှိသည့်အတွက် ပွဲတော်သုံးရက်တွင် ကျောင်းသား ကျောင်းသူများအပါအဝင် ပြည်သူတစ်သိန်းကျော် လာရောက်ခဲ့သည်။

**ရည်ရွယ်ကျင်းပ**

ကလေးစာပေပွဲတော်ကို နိုင်ငံ၏ အနာဂတ်တွင် ခေါင်းဆောင်များ ဖြစ်လာကြမည့်ကလေးများ၏ ဉာဏ်ရည် ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်စေရန်နှင့် နှုတ်မှုရေးရာ ပြောဆိုနိုင်သည့် စွမ်းရည်များ မြင့်မားလာစေရန်၊ ကလေးများ စာပေနှင့် ထိတွေ့ရင်းနှီးမှုရပြီး စာဖတ်ဝါသနာပါလာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုကို ဖန်တီးပေးနိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

**အောင်မင်းဟန်**
**ဓာတ်ပုံ- ထိန်နန်နော်**



အိမ်တည်ဆောက်မှုပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲနေကြသည့် ကျောင်းသားများကို တွေ့ရစဉ်။



စာအုပ်အရောင်းဆိုင်များမှ စာအုပ်များ ဝယ်ယူဖတ်ရှုနေကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

# ကလေးတွေဟာ အနာဂတ်ရဲ့ ကြယ်ပွင့်လေးတွေဖြစ်တဲ့အတွက် သူတို့ကို ကျောင်းစာအပြင် ဗဟုသုတလုပ်ပေးတာ အလွန်ကောင်းပါတယ်



မြစ်ကြီးနားမြို့တွင် ကျင်းပသော ကလေးစာပေပွဲတော်တွင် တစ်ထောင့်တစ်နေရာမှ ကူညီပံ့ပိုးပေးခဲ့သော Nestle' Myanmar Ltd မှ တာဝန်ရှိသူတစ်ဦးက အောက်ပါအတိုင်း ပြောကြားခဲ့ပါသည် -

**Ms. Ivy Tan,**
**Senior Marketing Manager**
**Nestle' Myanmar Ltd**

ကလေးစာပေပွဲတော်ဟာ လူငယ်တွေအတွက် အကျိုးရှိတဲ့ပွဲမျိုးဖြစ်ပါတယ်။ မြန်မာပြည်မှာဆိုရင်လည်း ကလေးငယ်များပြားပါတယ်။ ကလေးတွေအတွက် ဒီလိုကျင်းပတဲ့အတွက် သူတို့ ဗဟုသုတလည်း ရတယ်။ အနာဂတ်အတွက် စာပေနဲ့ပတ်သက်တဲ့ အသိပညာဗဟုသုတွေ ရရှိတော့ သူတို့အတွက် အကျိုးရှိပါတယ်။ ကျွန်မတို့ဆိုရင်လည်း ခန္ဓာကိုယ်ကြံ့ခိုင်သန်မာအောင်လည်း အားကစားတွေ လုပ်ပေးနေပါတယ်။ မိုင်လိုဆိုရင်လည်း ကလေးတွေ ခန္ဓာကိုယ်ကြံ့ခိုင်အောင်ဆိုပြီး ကိုယ်ကာယနဲ့ပတ်သက်တဲ့ အားကစားတွေလည်း လိုက်လုပ်ပေးနေပါတယ်။

Nestle ဝက်ဝံ malt milk ဆိုရင် ကလေး၊ လူကြီးမရွေး ဦးနှောက်လုပ်ဆောင်ချက်တွေ ထက်မြက်သာလွန်ပြီးတော့ တစ်ဖက်တစ်လမ်းကနေပြီး ပံ့ပိုးပေးနေပါတယ်။ အမှန်တကယ်ပြောရရင် ဒီလိုမျိုးကလေးစာပေပွဲကိုတော့ မတွေ့ဖူးသေးဘူး။ သေးတဲ့ပွဲလေးတွေတော့ တွေ့ဖူးတယ်။ အခုလိုမျိုးတွဲပြီး လုပ်ဆောင်တဲ့ပွဲတွေ တွေ့ရတာ အတော်အံ့သြမိပါတယ်။ ကလေးတွေဟာ အနာဂတ်ရဲ့ ကြယ်ပွင့်လေးတွေဖြစ်တဲ့အတွက် သူတို့ကို ကျောင်းစာအပြင် ဗဟုသုတလုပ်ပေးတာ အလွန်ကောင်းပါတယ်။

ကျွန်မလာခဲ့တဲ့နိုင်ငံမှာဆိုရင်လည်း ကျောင်းစာနဲ့ပတ်သက်ပြီး ဖတ်ခိုင်းတာမျိုးပဲရှိတယ်၊ ဒီလိုမျိုးကျင်းပတဲ့ပွဲမျိုးမကျင်းပခဲ့ဘူး။ ဒါကြောင့် ဒီနေ့ပွဲကို မြင်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်မတို့ Nestle မှာဆိုရင် တန်ဖိုးထားရတဲ့ ရည်ရွယ်ချက်တွေ ရှိပါတယ်။ မြန်မာနိုင်ငံသားတွေအတွက် ဘဝအရည်အသွေး၊ ပိုမိုကျန်းမာတဲ့ အရည်အသွေးတွေ တည်ဆောက်ပေးဖို့ပဲဖြစ်ပါတယ်။ ဒီနေ့ဆိုရင် အလွန်ကို တန်ဖိုးရှိပြီး အဓိပ္ပာယ်ရှိလှတဲ့ ကလေးစာပေပွဲတော် ပြုလုပ်ခဲ့ပါတယ်။ ကလေးတွေဟာ အနာဂတ်တစ်ချိန်မှာ အရေးကြီးတဲ့ သူတွေဖြစ်လို့ ကလေးတွေအတွက် အာဟာရရှိပြီး အရသာရှိလှတဲ့ Nestle ပစ္စည်းတွေ ပံ့ပိုးကူညီပေးခဲ့ခြင်း ဖြစ်ပါတယ်။

**အောင်မင်းဟန်**

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ပိတ်ပွဲအခမ်းအနား ကျင်းပ



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ကလေးစာပေပွဲတော်(မြစ်ကြီးနား)ပိတ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**မြစ်ကြီးနား ဇန်နဝါရီ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ကလေးစာပေပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ကလေးစာပေပွဲတော်အတွင်း ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အမှာစကား ပြောကြားရာတွင် ကလေးစာပေပွဲတော် (မြစ်ကြီးနား)တွင် ကျောင်းသား ကျောင်းသူများအပါအဝင် ပြည်သူ တစ်သိန်းကျော် ပါဝင်ဆင်နွှဲခဲ့ကြပါကြောင်း၊ ပွဲတော်နှင့်အတူ ကျောင်းသား ကျောင်းသူများသည် ကာယ၊ ဉာဏ ဖွံ့ဖြိုးတိုးတက်စေသည့် ပြိုင်ပွဲပေါင်းများစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါကြောင်း၊ တိုင်းရင်းသားဘာသာစကားဖြင့် ပြုလုပ်သည့် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများကိုလည်း ကျင်းပနိုင်ခဲ့ပါကြောင်း၊ တိုင်းရင်းသားရိုးရာအကများဖြင့် ပါဝင်ဖျော်ဖြေခဲ့ကြသည့်အတွက် အထူးပင်ပျော်ရွှင်စရာကောင်းသည့် ပွဲတော်ကြီးတစ်ခုလည်း ဖြစ်ပါကြောင်း။

ယနေ့ခေတ်တွင် လူငယ်များစာဖတ်ရန်၊ စာပေနှင့်ထိတွေ့ရင်းနှီးရန်မှာ အနည်းငယ်အလှမ်းကွာနေပါကြောင်း၊ နည်းပညာအသစ်များ၏နောက်တွင် စာအုပ်စာပေများသည် နောက်ကျကျန်ရစ်သကဲ့သို့ ဖြစ်နေပါကြောင်း၊ အင်တာနက်ယဉ်ကျေးမှုများ၏ ဆွဲဆောင်မှုနောက်တွင် ကလေးများ၊ လူငယ်များသည် စာအုပ်စာပေကို မေ့လျော့နေကြပါကြောင်း၊ စာအုပ်စာပေများ၏ အရသာကို မေ့လျော့နေကြပါကြောင်း၊ ယနေ့ကျင်းပသည့် ပွဲတော်သည် ကလေးများ၊ လူငယ်များ စာအုပ်စာပေများနှင့် ရင်းနှီးထိတွေ့နိုင်စေရန်အတွက် အထောက်အပံ့ဖြစ်စေသည့် ပွဲတော်တစ်ခုဖြစ်သည်ကို မိမိတို့ တွေ့ရပါကြောင်း။

**အစွန်းမရောက်ရန်ထိန်းညှိပေးနိုင်**

ကလေးများ၊ လူငယ်များ စာဖတ်ရန်အရေးကိစ္စသည် နိုင်ငံနှင့်ချီပြီး အရေးပါသည့်ကိစ္စတစ်ခုဖြစ်ပါကြောင်း၊ စာပေဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နိုင်ငံတစ်ခု၊ လူမျိုးတစ်ခု၏ တိုးတက်မှုသည် ဒွန်တွဲနေပါကြောင်း၊ ကမ္ဘာ့နိုင်ငံများကို လေ့လာကြည့်လျှင် စာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို မဏ္ဍိုင်တစ်ရပ်အနေဖြင့် အထူးတလည်ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးသည် စာပေယဉ်ကျေးမှုဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆက်စပ်နေပါကြောင်း၊ စာဖတ်မှုသာ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ပြီး စဉ်းစားတွေးခေါ်မှုနှင့် စိတ်ဓာတ်ခွန်အား ရင့်သန်မည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတစ်ခုတည်ဆောက်ရာတွင် ကာယ၊ ဉာဏ နှစ်မျိုးစလုံး ဖွံ့ဖြိုးတိုးတက်စေရန် လူ့စွမ်းအားအရင်းအမြစ်များ အထူးလိုအပ်ပါကြောင်း၊ စာပေသည် လူတစ်ယောက်၏ စိတ်နှလုံးကို အစွန်းမရောက်ရန် ထိန်းညှိပေးနိုင်ပါကြောင်း၊ ထို့ပြင် လူတစ်ယောက်၏ အတွေးအခေါ်များ လမ်းမှန်ရောက်စေရန်လည်း ထိန်းကျောင်းပေးနိုင်ပါကြောင်း၊ ထို့ကြောင့် စာများများဖတ်ရန် ကလေးငယ်များကို ပံ့ပိုးပေးရမည်ဖြစ်ပြီး စာအုပ်စာပေနှင့် ထိတွေ့နိုင်ရန်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ယနေ့ကလေးငယ်များသည် ပြင်ပဗဟုသုတစာပေကို ဖတ်ရှုလေ့လာချိန်၊ ကာယလှုပ်ရှားကစားချိန်များထက် ကျောင်းစာကို လေ့လာသင်ယူချိန်များက ပိုမိုများပြားနေသည်ကို တွေ့ရပါကြောင်း၊ မိဘများကိုယ်တိုင် ကျောင်းစာလေ့လာရန် အထူးတွန်းအားပေး ဆောင်ရွက်ပြီး ပြင်ပဗဟုသုတနှင့် ကာယလှုပ်ရှားမှုများကို အားပေးရန် မေ့လျော့နေသည်ကိုလည်း မျက်မှောက်ယဉ်ကျေးမှုအသစ်ကဲ့သို့ တွေ့နေရပါကြောင်း၊ ယနေ့ကျင်းပသည့် ကလေးစာပေပွဲတော်သည် ကျောင်းစာသာမက အခြားလိုအပ်သည့် အချက်များကို ကလေးများနှင့် မိဘများကို မီးမောင်းထိုးပြပေးနိုင်ခဲ့ပါကြောင်း။

ကလေးစာပေပွဲတော်တွင် ပါဝင်သည့် အစီအစဉ်များ၊ ပြိုင်ပွဲများနှင့် ကစားပွဲများသည် ကာယ၊ ဉာဏ နှစ်မျိုးစလုံး ဖွံ့ဖြိုးတိုးတက်စေပြီး ထူးချွန်အောင်မြင်ရုံသာမက ပျော်ရွှင်သည့် ကလေးငယ်များ ဖြစ်လာစေရန် အထောက်အပံ့ပေးမည်ဖြစ်ပါကြောင်း၊ ကာယ၊ ဉာဏ နှစ်မျိုးစလုံးမှာ ထူးချွန်သူများဖြစ်လာစေရန်အတွက် ကလေးစာပေပွဲတော်မှရရှိသည့် အတွေ့အကြုံများကို အသုံးချပြီး ဘဝကို ဖြတ်သန်းရန်အတွက် ဤနေရာမှ တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တာ ကျင်းပခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

# ကလေးစာပေပွဲတော်(မြစ်ကြီးနား)တွင် တိုင်းရင်းသားဘာသာစကားဖြင့် ကဗျာနှင့် ပုံပြောပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်သည့် တိုင်းရင်းသားကျောင်းသား ကျောင်းသူများအား ဆုလက်ဆောင်များပေးအပ်

**မြစ်ကြီးနား ဇန်နဝါရီ ၂၂**

ကလေးစာပေပွဲတော်(မြစ်ကြီးနား)တွင် တိုင်းရင်းသား ဘာသာစကားဖြင့် ကဗျာနှင့် ပုံပြောပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့ပြီး ဇန်နဝါရီ ၂၁ ရက် ပွဲတော်ဒုတိယနေ့ ပုံပြောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် မူလတန်းနှင့် အလယ်တန်းအဆင့် တိုင်းရင်းသား ကျောင်းသား ကျောင်းသူများအား ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်မြင့်က ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ဆုလက်ဆောင်**

ပုံပြောပြိုင်ပွဲတွင် ဂျိမ်းဖောတိုင်းရင်းသူ မဂျာနောင်ဆိုင်း၊ ရဝမ်တိုင်းရင်းသား ချန်းဒေးဗစ်ဆန်းလွင်၊ တိုင်းဆာတိုင်းရင်းသူ မမြတ်မွန်မြင့်၊ ဂျိမ်းဖောတိုင်းရင်းသူ ဂျာဒိမ်၊ တိုင်းလုံတိုင်းရင်းသား မောင်စိုင်းမြင့်ဦး၊ ဇိုင်းဝါးတိုင်းရင်းသား မောင်ဇော်မြတ်အောင်၊ လီဆူတိုင်းရင်းသူ ခေါင်နော၊ လော်ဝေါ်တိုင်းရင်းသူ ဟောင်းညွှယ်၊ လီဆူတိုင်းရင်းသူ ရာခေလ၊ လာချိဒ်တိုင်းရင်းသူ ယော်နာမ်၊ တိုင်းလုံတိုင်းရင်းသား စိုင်းထက်ရှားအောင်တို့ ဆုလက်ဆောင်များ ရရှိခဲ့သည်။

အလားတူ ကလေးစာပေပွဲတော် ပထမနေ့ကျင်းပသည့် ကဗျာပြိုင်ပွဲတွင် တိုင်းလုံတိုင်းရင်းသား စိုင်းမြတ်လင်းနှင့် ဆုရတနာဖြိုး၊ တိုင်းဆာတိုင်းရင်းသူ မနန်းကေသီအေး၊ တိုင်းလိုင်တိုင်းရင်းသူ မနေခြည်ဦးနှင့် နန်းဇင်သူစိုး၊ ဇိုင်းဝါးတိုင်းရင်းသူ မစိုင်းနန်လုံ၊ ဂျိမ်းဖောတိုင်းရင်းသူ မဂျာဆိုင်းနန်နှင့် မထွယ်ဆန်အိန်၊ ရဝမ်တိုင်းရင်းသူ ဝဒမ်နန်ဆား၏၊ လီဆူတိုင်းရင်းသူ မဇီမာဆီး၊ လော်ဝေါ်တိုင်းရင်းသူ ဟောင်းညွှယ်နှင့် ဟောင်းနောတို့ ဆုလက်ဆောင်များ ရရှိခဲ့ကြောင်း သိရသည်။

**တန်ဖိုးထားတတ်စေရန်**

တိုင်းရင်းသားများ၏ ကိုယ်ပိုင်စာပေနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားများ၏ ကိုယ်ပိုင်စာပေဖြင့်ရေးဖွဲ့ထားသည့် ကဗျာများ၊ ပုံပြင်များကို အခြားတိုင်းရင်းသားများသိရှိပြီး ဂုဏ်ယူမြတ်နိုး တန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ တိုင်းရင်းသား ဘာသာစကားဖြင့် ကဗျာနှင့် ပုံပြောပြိုင်ပွဲများကို ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း- ရှင်မင်း**
**ဓာတ်ပုံ- ထိန်နန်နော်**



ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်မြင့်က လော်ဝေါ်တိုင်းရင်းသူ ဟောင်းညွှယ်အား ဆုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်မြင့်က ဂျိမ်းဖောတိုင်းရင်းသူ ဂျာဒိမ်အား ဆုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်မြင့်က လီဆူတိုင်းရင်းသူ ခေါင်နောအား ဆုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်မြင့်က ဇိုင်းဝါးတိုင်းရင်းသား မောင်ဇော်မြတ်အောင်အား ဆုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။

# ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၃၀ ကျော် ပေါင်းစည်းနေထိုင်ကြပြီး နိုင်ငံ၏ နေရာဒေသအသီးသီးတွင် ပျံ့နှံ့နေထိုင်လျက်ရှိရာ တိုင်းရင်းသားလူမျိုးများ၏ သမိုင်းအရ၊ ယဉ်ကျေးမှုအနုပညာအရပါ တန်ဖိုးကြီးမားသည့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၊ နေရာ၊ ဝတ္ထုပစ္စည်း စသည့် ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များသည်လည်း နိုင်ငံ၏ နေရာဒေသအနှံ့အပြားတွင် များစွာတည်ရှိနေပါကြောင်း၊ ယနေ့ကျင်းပသည့် သင်တန်းသည် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ အတွေးအခေါ်၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့နှင့်ပွဲတော်များ စသည့် ထိတွေ့ကိုင်တွယ်မရသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့်လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး ပြန်လည်အသုံးချနိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ **စာမျက်နှာ ၁၁ သို့** ❖



## ကလေးစာပေပွဲတော်(မြစ်ကြီးနား) နောက်ဆုံးနေ့ ပုံရိပ်များ

















❖ စာမျက်နှာ ၁၀ မှ

ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ မူဝါဒလေးရပ်တွင် မူဝါဒတစ်ရပ်အနေဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစာရင်းပြုစု ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားအသီးသီး၏ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို အချင်းချင်း နားလည်သဘောပေါက်ကြပြီး ချစ်ကြည်ရင်းနှီးမှုကိုပိုမိုတိုးတက် ဖြစ်ပေါ်လာစေမည်ဖြစ်ပါကြောင်း၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး နားလည်ချစ်ကြည်လာပါက မိမိတို့ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာမှုရှိလာမည်ဖြစ်ပြီး နိုင်ငံတော်ကမျှော်မှန်းထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သည့်နေရာတွင်များစွာအထောက်အကူပြုစေမည်လည်းဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများအနေဖြင့်လည်း ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို အရေးကြီးသော အခန်းကဏ္ဍတစ်ခုအဖြစ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံ၏ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်တည်ရှိမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုများတွင် အလေးထား တန်ဖိုးထားမှုများနှင့် နိုင်ငံတကာ အသိအမှတ်ပြုမှုများရရှိလာစေရန် ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ UNESCO ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရေး ကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ကွန်ဗင်းရှင်းဝင်နိုင်ငံဖြစ်သည်နှင့်အညီ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရေးနှင့် သတ်မှတ်ဖော်ထုတ်ရေး ကိစ္စရပ်များကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မိမိတို့၏ယဉ်ကျေးမှု အမွေအနှစ်များကို စာရင်းတင်သွင်း ဖော်ပြမှုမရှိပါက အိမ်နီးချင်းနိုင်ငံအချို့၏ မွေးစားမှု၊ အသွင်ပြောင်းယူငင်မှုများရှိလာနိုင်သည့်အပြင် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းမပြုပါက အချိန်ကာလ၏ တိုက်စားမှုအောက်တွင် တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားနိုင်ပါကြောင်း၊ ယဉ်ကျေးမှုပျောက်ကွယ်ပါက လူမျိုးပါပျောက်ကွယ်သွားနိုင်သဖြင့် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ ကြွယ်ဝလှသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို သိမြင်နားလည်ပြီး တန်ဖိုးထားစာရင်းပြုစုခြင်း၊ မှတ်တမ်းတင်ခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ သင်တန်းမှ ရရှိလာသောအသိပညာ၊ ဗဟုသုတများကို ပြည်သူလူထုအတွင်းသို့ လက်ဆင့်ကမ်းမျှဝေရန်နှင့် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ရေရှည်ရှင်သန်တည်တံ့နိုင်အောင် ထိန်းသိမ်းစောင့်ရှောက်သည့် လုပ်ငန်းစဉ်များတွင် လက်တွေ့အသုံးချရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမြတ်အောင်က ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏ အဓိပ္ပာယ်၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းတွင် ဟောပြောပို့ချမည့် အကြောင်းအရာများ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးမူဘောင်များနှင့် မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် တိုးတက်မြှင့်တင်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများအား ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာသူများသည် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုပြခန်းများ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားဓာတ်ပုံများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသူ သင်တန်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယခုဖွင့်လှစ်သည့်သင်တန်းသည် ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီလ ၂၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၁၊ ကော်လံ ၃ ပါ ရေးသူဖတ်သူ ဆွေးနွေးပွဲပြုလုပ်သည့် စာအုပ်မှာ ဆရာဝိသဇ္ဇက (ပဲခူး)၏ ရက္ခပူရယဉ်ကျေးမှုအလှ ဖြစ်ပါသည်။ ယင်းစာအုပ်သည် ၂၀၁၅ ခုနှစ် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ တတိယဆုရစာအုပ်ဖြစ်ပြီး အဆိုပါ စာအုပ်အမည်ကို သတင်းစာတွင် မှားယွင်းဖော်ပြမိခဲ့သည့်အတွက် တောင်းပန်အပ်ပါသည်။

**(စာတည်းအဖွဲ့)**






# ပေလီကမ်းခြေတွင်ကျင်းပမည့် ရခိုင်ပြည်နယ်၏ ပထမဆုံး ရင်းနှီးမြှုပ်နှံမှုပြပွဲနှင့်ပတ်သက်၍ ရှင်းလင်း

**သံတွဲ ဇန်နဝါရီ ၂၂**

ရခိုင်ပြည်နယ် သံတွဲမြို့ ပေလီကမ်းခြေရှိ Jasmine Palace Resort Hotel တွင် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် ရခိုင်ပြည်နယ်၏ ပထမဆုံး ရင်းနှီးမြှုပ်နှံမှုပြပွဲ (Rakhine State Investment Fair 2019) နှင့်ပတ်သက်၍ မီဒီယာတွေ့ဆုံပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ Jasmine Palace Hotel ၌ ပြုလုပ်သည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ Myanmar Survey Research-MSR ဥက္ကဋ္ဌ ဦးကျော်လှိုင်နှင့် Mango Media Group ၏ CEO ဒေါ်အေးနှင်းဆွေတို့က ရခိုင်ပြည်နယ်၏ ပထမဆုံး ရင်းနှီးမြှုပ်နှံမှုပြပွဲနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။



### အခွင့်အလမ်းကောင်း

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက "ရခိုင်ပြည်နယ်ရဲ့ ပထဝီ၊ ရေမြေအနေအထား၊ သဘာဝသယံဇာတတွေဟာ ပြည့်စုံပြီးတော့ တကယ့်ကို တိုးတက်အောင်လုပ်နိုင်တဲ့ အခြေခံကောင်းတွေဖြစ်ပါတယ်။ နောက်တစ်ဖက်က ရခိုင်ပြည်နယ်ရဲ့ ဘင်္ဂလားပင်လယ်အော်အနေအထားနဲ့ဆိုရင် တကယ့်ကို မဟာဗျူဟာကျတဲ့ ဒေသတစ်ခုလည်း ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့အတွက် အခွင့်အလမ်းကောင်းပါ။ ပထဝီအနေအထားဆိုရင်လည်း မြစ်၊ ချောင်းနဲ့ မြေပြန့် ပေါများတယ်။ တောတောင်၊ ရေမြေတွေ ပေါများတယ်။ ဒါကြောင့် ဒီအပေါ်မှာ ရင်းနှီးမြှုပ်နှံမှုများများလုပ်ဖို့ လိုအပ်ပါတယ်။ ရာသီဥတုဆိုရင်လည်း အင်မတန်ကောင်းမွန်တဲ့ အနေအထား၊ သယံဇာတဆိုရင်လည်း ကုန်းပေါ်မှာရော ရေထဲမှာအပြင် အခြားဆက်စပ်နေတဲ့ကဏ္ဍတွေ လုပ်လို့ရပါတယ်။ ဒါကြောင့် အင်မတန် အခွင့်အလမ်းကောင်းတဲ့ဒေသလို့ ပြောချင်ပါတယ်"ဟု ပြောသည်။

ရခိုင်ပြည်နယ်သည် ဘင်္ဂလားပင်လယ်အော်၏ မဟာဗျူဟာမြောက် အချက်အချာကျသည့်နေရာတွင် တည်ရှိနေသောကြောင့် တရုတ်၊ အိန္ဒိယနိုင်ငံတို့အပြင် အာဆီယံနိုင်ငံများ၏ ကုန်သွယ်စီးဆင်းရေးတံခါးပေါက်ကို ဖွင့်လှစ်ပေးနိုင်မည့်နေရာ ဖြစ်သည်။

"ကျွန်တော်တို့ပြည်နယ်အစိုးရအနေနဲ့ ရခိုင်ပြည်နယ်ကို စတင်တာဝန်ယူတဲ့အချိန်ကစပြီး ရခိုင်ပြည်နယ်အတွင်း ရေရှည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ ရေးဆွဲထားတဲ့ စီမံချက်ကလည်း အဆင်သင့်ရှိပြီးသားပါ။ ဒါကို နိုင်ငံတကာက သံတမန်တွေ၊ ပညာရှင်တွေ ဖိတ်ကြားပြီး ရေးဆွဲထားတာပါ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း အသိအမှတ်ပြုပြီး ဒါကို အကောင်အထည်ဖော်ဖို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ အဲဒီစီမံချက်ထဲမှာ ကဏ္ဍကြီးခြောက်ခုလောက် ပါပါတယ်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ သားငါးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်နဲ့ ခရီးသွားလာရေးကဏ္ဍ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနဲ့ စက်မှုဖွံ့ဖြိုးရေးကဏ္ဍဆိုတဲ့ အရာတွေဟာ ကျွန်တော်တို့ ပြည်နယ်မှာ အဓိကလုပ်ဆောင်နိုင်တဲ့ ကဏ္ဍကြီးတွေဖြစ်ပါတယ်။ ဒါကိုကျယ်ကျယ်ပြန့်ပြန့်နဲ့ အကောင်အထည်ဖော်နိုင်ဖို့၊ တကယ့်ရင်းနှီးမြှုပ်နှံနိုင်တဲ့ လုပ်ငန်းရှင်တွေအနေနဲ့ လုပ်နိုင်တဲ့ကဏ္ဍတွေမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် အများဆုံးအောင်မြင်မှုရနိုင်မယ်" ဟု ဝန်ကြီးချုပ်က မီဒီယာများအား ပြောကြားသည်။

Rakhine State Investment Fair 2019 သည် ပြည်ထောင်စုအစိုးရ၏ လမ်းညွှန်မှုဖြင့် ရခိုင်ပြည်နယ်အစိုးရက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ဂျပန်နိုင်ငံရှိ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA နှင့် JETRO တို့က အဓိက ပူးပေါင်းကူညီပေးကြောင်း ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ပြောသည်။

### ပူးပေါင်းဆောင်ရွက်

ရခိုင်ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းက "တိုင်းရင်းသားလုပ်ငန်းရှင်တွေကလည်း ဒီပွဲအတွက် လုပ်ဆောင်နေပါတယ်။ အွန်လိုင်းကနေ ဖိတ်ခေါ်သွားပါမယ်။ ကုမ္ပဏီ ၁၀၀ ကျော်လောက် လာမယ်ထင်ပါတယ်။ ဒုတိယအကြိမ် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပေးသွားပါမယ်။ UMFCCI ရဲ့ အောက်မှာရှိတဲ့ ရခိုင်ကုန်သည်စက်မှုအသင်း (RFCCI) နဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ဆောင်ရန်အတွက် တည်ငြိမ်မှု ရှိ၊ မရှိ ဆိုသည့် မေးခွန်းကို ဝန်ကြီးချုပ် ဦးညီပုက "တည်ငြိမ်မှုကိုမေးလို့ဖြေရရင် ရခိုင်တစ်ပြည်နယ်လုံး မတည်မငြိမ်ဖြစ်နေတာမဟုတ်ပါဘူး။ ရခိုင်လို့ပြောရင် နေရာအားလုံးက မတည်ငြိမ်ဘူးလို့ သဘောပေါက်နေတယ်။ အခုပြောနေတဲ့ ပေလီတို့လို ရခိုင်တောင်ပိုင်းဆိုရင် အင်မတန် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးမှုအတွက် တကယ့်ကို ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်နိုင်တဲ့အခြေအနေရှိပါတယ်။ ဖြစ်နေတာက မောင်တောဒေသလေးတစ်ခုပါ။ မောင်တောဒေသဆိုတာ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင် နေရာလေးပါ။ ဒီနေရာလေးကို တည်ငြိမ်အေးချမ်းစေချင်တယ်ဆိုရင် ရခိုင်ဒေသကြီးတစ်ခုလုံးကို ပိုပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေ၊ ဖွံ့ဖြိုးမှုတွေ လုပ်နိုင်လာတာနဲ့အမျှ အဲဒီမတည်ငြိမ်တာတွေက အလိုလိုတည်ငြိမ်မှုကို ရလာပြီးတော့ ဖွံ့ဖြိုးမှုဘက်ကို အလိုလိုပါလာမယ်။ နေရာလေးတစ်ခုတည်းကြောင့်မဟုတ်ဘဲ တည်ငြိမ်နေတဲ့ ဒေသကြီးတစ်ခုလုံးကို အသုံးချစေချင်ပါတယ်။ ဒီအတွက်လည်း မျှော်လင့်ပါတယ်" ဟု ဖြေကြားသည်။

### အဓိကရင်းနှီးမြှုပ်နှံ

လက်ရှိအစိုးရသက်တမ်းအတွင်း ရခိုင်ပြည်နယ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီ စုစုပေါင်း ၁၇ ခုရှိကာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ၁၂ ခု၊ ဆောက်လုပ်ရေးလုပ်ငန်း တစ်ခု၊ မွေးမြူရေးလုပ်ငန်း သုံးခု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း တစ်ခုရှိကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အထိ အမေရိကန်ဒေါ်လာ သန်း ၉၀၀၀ ကျော် ရင်းနှီးမြှုပ်နှံထားပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် အဓိကရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်၏ ပထမဆုံး ရင်းနှီးမြှုပ်နှံမှုပြပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ MSR ဥက္ကဋ္ဌ ဦးကျော်လှိုင်က "ရခိုင်ပြည်နယ်မှာ ရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာစေမယ့် ရည်ရွယ်ချက်နဲ့လုပ်တာပါ။ ရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာရင် ရခိုင်ပြည်သူ ပြည်သားတွေ အလုပ်အကိုင် အခွင့်အလမ်း တိုးလာမယ်။ နောက်တစ်ခါ ရခိုင်ပြည်နယ်မှာ ကုမ္ပဏီတွေအတွက် လိုအပ်တဲ့ အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်နဲ့ပတ်သက်တဲ့ အဆက်အသွယ်စတာတွေကို ရင်းနှီးမြှုပ်နှံမှုတွေကတစ်ဆင့် ရလာမယ်။ ပြည်သူတွေက အလုပ်အကိုင်တွေ ရမယ်။ ပြည်သူတွေထဲမှာရှိတဲ့ ကုမ္ပဏီတွေက အင်အားတွေတိုးပွားလာမယ်ဆိုရင် အခုလုပ်မယ့် ရင်းနှီးမြှုပ်နှံမှုပြပွဲက အဓိကရလာမယ့် မျှော်မှန်းချက်ဖြစ်ပါတယ်"ဟု ပြောသည်။

### အခွန်သက်သာခွင့်

ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးမှုနည်းပါးသည့် ဇုန် သုံးတတိယအဆင့်တွင် ပါဝင်၍ တရားဝင် မှတ်ပုံတင်ကာ လာရောက်ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များအတွက် အခွန်သက်သာခွင့် ခုနစ်နှစ် ပေးထားသည်။ ရခိုင်ပြည်နယ်အစိုးရသည် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ကုမ္ပဏီများအနေဖြင့် အများဆုံးအခက်အခဲရှိသည့် မြေယာနှင့်ပတ်သက်ပြီးလည်း ယခုပြုလုပ်မည့် ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် MoU ထိုးမည့်ကုမ္ပဏီများအား မြေယာကိစ္စကို တရားဝင်သတ်မှတ်ထားသော တစ်လခွဲအတွင်း ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် ကူညီမည်ဖြစ်ကြောင်း ရှင်းလင်းပွဲမှ သိရသည်။

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်တာကျင်းပမည့် Rakhine State Investment Fair 2019 ပုံစံနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းက "ပထမနေ့မှာ ကြိုဆိုမိတ်ဆုံစားပွဲလုပ်ဖို့ရှိတယ်။ ရခိုင်ရိုးရာယဉ်ကျေးမှု အကတွေ လုပ်ပါမယ်။ အလုပ်အကိုင်အခွင့်အလမ်းအတွက် တွေ့ဆုံနိုင်အောင် လမ်းဖွင့်ပေးတဲ့သဘောပါ။ ဒုတိယနေ့မှာတော့ ဖွင့်ပွဲလုပ်မယ်။ ရင်းနှီးမြှုပ်နှံမယ့် ကုမ္ပဏီတွေက ပြသထားမှုတွေ၊ ရခိုင်ပြည်နယ်ရဲ့ ရင်းနှီးမြှုပ်နှံနိုင်မှု အခြေအနေတွေကို ရှင်းလင်းတင်ပြတာပါမယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်အစိုးရနဲ့ Myanmar Survey Research တို့ လုပ်ထားတဲ့ ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံနိုင်မှုအခွင့်အလမ်း သုတေသနဆိုတာကို ရှင်းလင်းတင်ပြပါမယ်။

"နောက်ဆွေးနွေးပွဲ အစီအစဉ် သုံးခု လုပ်ပါမယ်။ အစိုးရပိုင်းကဏ္ဍနဲ့ဆိုင်တဲ့သူတွေလုပ်တဲ့ ဆွေးနွေးပွဲ၊ ဂျပန်လုပ်ငန်းရှင်တွေချည်းပဲလုပ်မယ့်ဆွေးနွေးပွဲ၊ နောက် ရခိုင်ပြည်နယ်အတွင်းမှာ လုပ်ဖို့လျာထားတဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်း၊ ကုလားတန်မြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနဲ့ အခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး ပုဂ္ဂလိကကဏ္ဍကဆွေးနွေးတဲ့ ဆွေးနွေးပွဲ လုပ်ပါမယ်။ အဓိကအရေးအကြီးဆုံးက ရခိုင်ပြည်နယ်မှာ ရင်းနှီးမြှုပ်နှံမယ့်ကုမ္ပဏီတွေနဲ့ MoU ထိုးဖို့ပါ။ ကုမ္ပဏီ သုံးခုလောက်နဲ့ ပဏာမသဘောတူညီချက်ရထားပြီး ဖြစ်ပါတယ်။ ဆွေးနွေးရင်းနဲ့ သဘောတူခဲ့လို့ရှိရင် အခြားရင်းနှီးမြှုပ်နှံလိုသူတွေနဲ့လည်း MoU ထိုးနိုင်အောင် စီစဉ်ထားပါတယ်။ တတိယနေ့မှာတော့ ရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းရှိတဲ့နေရာတွေကို လိုက်လံပြသပါမယ်"ဟု ပြောကြားသည်။

**သတင်း-ညွန့်ကိုကို၊ ဓာတ်ပုံ-ဖိုးထောင်**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ရခိုင်ပြည်နယ်သို့ ရောက်ရှိ



**စစ်တွေ ဇန်နဝါရီ ၂၂**
ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် အဖွဲ့အား ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နှင့် အဖွဲ့သည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုအား ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အထူးဧည့်ခန်းမဆောင်၌ သွားရောက်တွေ့ဆုံပြီး **(ဝဲပုံ)** ရခိုင်ပြည်နယ်အတွင်း စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် ဇန်နဝါရီ ၄ ရက်က ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် အဖွဲ့သည် ရခိုင်ပြည်နယ် လွှတ်တော်သို့သွားရောက်ပြီး ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြသန်းနှင့်တွေ့ဆုံကာ ပြည်နယ်လွှတ်တော်ဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်းကောင်း၊ ရခိုင်ပြည်နယ် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးကြသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# ကိုရီးယားသမ္မတနိုင်ငံမှ ရခိုင်ပြည်နယ်အတွက် ဆန်တန်ချိန် ၂၅၀ လှူဒါန်း

**စစ်တွေ ဇန်နဝါရီ ၂၂**
အာဆီယံအပေါင်း ၃ အရေးပေါ် အရန်ဆန်ရိက္ခာ အစီအစဉ်(၃)အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသည့် ဆန်တန်ချိန် ၂၅၀ အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**ဒီထက်ပိုပြီး ဆောင်ရွက်**

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက "ပြည်ထောင်စုအစိုးရအနေနဲ့ရော၊ ပြည်နယ်အစိုးရအနေနဲ့ရော ရခိုင်ပြည်နယ်ရဲ့ အခြေအနေကိုပြောင်းလဲအောင် ကြိုးစားနေပါတယ်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုရအောင် ဒီထက်ပိုပြီး ဆောင်ရွက်သွားမှာပါ။ ကိုရီးယားနိုင်ငံအနေနဲ့လည်း ကျွန်တော်တို့နဲ့ပူးပေါင်းဆောင်ရွက်ပေးပါလို့ပြောချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တစ်ပြိုင်တည်း လုပ်တယ်ဆိုတာတောင် ဖွံ့ဖြိုးတိုးတက်မှုကိုဦးစားပေးလုပ်ဖို့ ဆုံးဖြတ်ထားပါတယ်။ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ တည်ငြိမ်အေးချမ်းလာမယ်လို့ ယုံကြည်ပါတယ်။ မတည်မငြိမ်ဖြစ်နေတယ်ဆိုတာကလည်း ရခိုင်ပြည်နယ်ရဲ့ ဒေသအစိတ်အပိုင်းတစ်ခုပါ။ ဒါကိုလည်းပြောချင်ပါတယ်။ အခုလှူဒါန်းတဲ့ဆန်တွေကို လိုအပ်တဲ့နေရာတွေ၊ လိုအပ်




တဲ့လူတွေဆီရောက်အောင် ပို့ပေးသွားမှာဖြစ်ပါတယ်။ မှန်မှန်ကန်ကန် သုံးစွဲနိုင်အောင်လည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr. Lee Sang Hwa က ဆန်တန်ချိန် ၂၅၀ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက အာဆီယံအပေါင်း ၃ အရေးပေါ် အရန်ဆန်ရိက္ခာအစီအစဉ်(၃)အရ ကိုရီးယားသမ္မတနိုင်ငံမှ ရခိုင်ပြည်နယ်အတွက် ဆန်တန်ချိန် ၂၅၀ လှူဒါန်းနိုင်ရေးဆောင်ရွက်ပေးခဲ့မှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ပြန်လည်ပေးအပ်**

ထို့နောက် ကိုရီးယားသံအမတ်ကြီးက ဆန်တန်ချိန် ၂၅၀ ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ် ဦးညီပုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးကျော်လွင်က ဆန်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အတွက် ၂၀၁၇ ခုနှစ်တွင် ဆန်တန်ချိန် ၂၆၇ တန်ကို လှူဒါန်းခဲ့ပြီး ယခုဆန်တန်ချိန် ၂၅၀ ကို ထပ်မံလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားအပြီး ဝန်ကြီးချုပ်ဦးညီပုသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr. Lee Sang Hwa နှင့် အဖွဲ့အား ပြည်နယ်အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ တွေ့ဆုံပြီး ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**မျိုးမြင့်(သတင်းစဉ်)**
**ဓာတ်ပုံ-မင်းထက်**

# ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုဆောင်ရွက်နိုင်ရန် UEHRD သို့ Energize Myanmar ကုမ္ပဏီက အလှူငွေပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၂၂**
ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)သို့ Energize Myanmar ကုမ္ပဏီက အလှူငွေပေးအပ်သည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ကျင်းပသည်။ **(ယာပုံ)**

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က အဖွင့်အမှာစကားပြောကြားပြီး Energize Myanmar ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ Mr. Billy Harkin က လှူဒါန်းရခြင်းအကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Energize Myanmar ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ Mr. Billy Harkin က အမေရိကန်ဒေါ်လာ တစ်သောင်းကို ပေးအပ်လှူဒါန်းရာ UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က လက်ခံပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် UEHRD ဥက္ကဋ္ဌ၏ အကြံပေးအရာရှိ ဦးတိုးအောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး UEHRD သတင်းနှင့် ဆက်သွယ်ရေးဒါရိုက်တာ ဦးကျော်မြိုင်က UEHRD သတင်းနှင့် ဆက်သွယ်ရေး ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားနှင့်ပတ်သက်၍ ဒေါက်တာအောင်ထွန်းသက်က "UEHRD စတင်ဖွဲ့စည်းတဲ့အချိန်ကစပြီး တာဝန်သုံးရပ်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ပထမတစ်ခုကတော့ လူသားချင်းစာနာမှုနဲ့ပတ်သက်တဲ့ကိစ္စပါ။ ဒုတိယကတော့ ပြန်လည်နေရာချထားရေးကိစ္စ၊ တတိယက ဖွံ့ဖြိုးမှုလုပ်ငန်းတွေဖြစ်ပါတယ်။ အဲဒီလုပ်ငန်းသုံးခုကို ဆရာတို့တာဝန်ယူလုပ်နေတဲ့အခါမှာ အဓိကကနိုင်ငံတော်အစိုးရရဲ့ ဦးစီးမှု၊ ပုဂ္ဂလိကကဏ္ဍရဲ့လှုပ်ရှားမှုနဲ့ ပေါင်းပြီးလုပ်တာဖြစ်တယ်။ UEHRD မှာ အလုပ်အစုအဖွဲ့ ၁၀ ခုရှိတယ်။ အဲဒီထဲမှာ ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့ဆိုပြီး ပါတယ်။ ဒီနေ့လှူဒါန်းတဲ့ငွေတွေကို အဲဒီအဖွဲ့ကိုလွှဲပြောင်းပေးအပ်သွားမှာပါ" ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "UEHRD နဲ့ပတ်သက်လို့သော်လည်းကောင်း၊ ရခိုင်နဲ့ ပတ်သက်လို့သော်




လည်းကောင်း နိုင်ငံတကာ နားလည်မှုတွေဟာ တော်တော်လေး အားနည်းနေတာကို တွေ့ရတယ်။ ပြည်တွင်းမှာလည်း အယူအဆတွေအမျိုးမျိုးဖြစ်နေတာ တွေ့ရတယ်။ ဒါကြောင့် အဖြစ်မှန်၊ ပကတိအခြေအနေကို တင်ပြနိုင်ဖို့လိုပါတယ်။ ကိုယ့်နိုင်ငံကမီဒီယာက ကိုယ့်နိုင်ငံမှာဖြစ်တဲ့ အခြေအနေတစ်ခုကို သပ်သပ်ရပ်ရပ် တင်ပြနိုင်တဲ့အနေအထားရှိဖို့ လိုတယ်" ဟု ပြောသည်။

**ပါဝင်ကူညီ**

လှူဒါန်းမှုနှင့်ပတ်သက်၍ Energize Myanmar မှ စီမံကိန်းဖွံ့ဖြိုးမှု စီမံခန့်ခွဲရေးမှူး ဒေါ်လင်းသန္တာအောင်က နိုင်ငံတကာ အဖွဲ့အစည်းများ၏ အာရုံစိုက်ခြင်းခံနေရသည့် ရခိုင်အရေးနှင့်ပတ်သက်ပြီး အသေးစားကူညီမှုအနေဖြင့် တစ်ထောင့်တစ်နေရာက ပါဝင်ကူညီခြင်းဖြစ်ကြောင်း၊ မတူညီသည့် ယဉ်ကျေးမှုနှစ်ခုကို ပေါင်းစပ်နိုင်ရန်နှင့် ယခုထက်ပိုမိုဆောင်ရွက်နိုင်ရန် ရည်ရွယ်ကာ ယင်းကဲ့သို့ လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၂**
၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၉၂ ဒသမ ၉၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၈၆ ဒသမ ၂၈ သန်း စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၇၉ ဒသမ ၁၉ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၀၂ ဒသမ ၅၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၆ ဒသမ ၈၆ သန်း စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၁၄၈၉ ဒသမ ၄၀ ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၆၆၈ ဒသမ ၅၉ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၁၀ ဒသမ ၂၁ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရသည်။

**သတင်းစဉ်**

# သတင်းပဒေသာ သိမှတ်ဖွယ်ရာ

## (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲ နေပြည်တော်၌ ကျင်းပမည်

နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် အများပြည်သူများကြည့်ရှုအားပေးနိုင်ရန်ရည်ရွယ်၍ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၆ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ လေဟာပြင်ဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂုဏ်ပြုဖျော်ဖြေပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယိမ်းအကအလှများကို အခမဲ့ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး အများပြည်သူများ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

## (၈၁) ကြိမ်မြောက် မြန်မာနိုင်ငံကြက်ခြေနီ ဗဟိုကောင်စီအစည်းအဝေး ကျင်းပမည်

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၈၁) ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက်မှ ၃၀ ရက်အထိ နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်မည်ဖြစ်သည်။

## အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ယန္တရားနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်တို့ပူးပေါင်း၍ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင်ယန္တရားနှင့် ပတ်သက်၍ လက်ရှိအခြေအနေများကို ရှင်းလင်းတင်ပြမည့် သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၂၅ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ Sky Palace Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## ASEAN Enabling Masterplan (2025) Mainstreaming of the Rights of Persons with Disabilities ဆိုင်ရာ အစည်းအဝေး ကျင်းပမည်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် ASEAN Enabling Masterplan (2025) Mainstreaming of the Rights of Persons with Disabilities ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အစည်းအဝေးကို ရန်ကုန်မြို့ International Business Center (IBC)ခန်းမ၌ ဇန်နဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ကောင်းကင်ကြိုးစီးနင်းမှု မတ်လကုန်တွင် ဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ တည်ဆောက်လျက်ရှိသည့် ကောင်းကင်ကြိုးစီးနင်းမှု (Zip Line Tower) ကို မတ်လကုန်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့် ကောင်းကင်ကြိုးစီး၍ အပန်းဖြေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ဖွင့်လှစ်မည့် အဆိုပါ ကောင်းကင်ကြိုးစီးနင်းမှုသည် ပေ ၆၀ အမြင့်ရှိပြီး တာဝါတိုင်နှစ်ခုဖြင့် တစ်ဖက်လျှင် နှစ်ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

## မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့ အစည်းရုံး အဆောက်အအုံဆောက်ရန် မြေနေရာ သိဒ္ဓိတင်မင်္ဂလာ ကျင်းပမည်

မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း၏ ရုံးအဆောက်အအုံဆောက်လုပ်ရန်အတွက် မြေနေရာ သိဒ္ဓိတင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနောက်ရပ် အမှတ်(ဒီ-၀၂)ရှိ အဆိုပါ ရုံးအဆောက်အအုံဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

## ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ၁၁၃ နှစ်ပြည့် ကျင်းပမည်

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း ၁၁၃ နှစ် ပြည့်မြောက်သွားပြီဖြစ်၍ အထိမ်းအမှတ်အခမ်းအနားများကို ဇန်နဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## မြန်မာအော်ဂဲနစ် စံသတ်မှတ်မှုများ အသိပေးမည်

မြန်မာအော်ဂဲနစ်ထုတ်ကုန်များနှင့်ပတ်သက်၍ စံသတ်မှတ်ချက်များအသိပညာပေးခြင်းနှင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းပြပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီခွဲတွင် လှည်းကူးမြို့နယ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးမှုဗဟိုဌာန၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြင့်စိုး**



## ပေါ့ဘာက မန်ယူနဲ့ စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒရှိနေဟုဆို

မန်ယူအသင်းရဲ့ ကွင်းလယ်ကစားသမား ပေါ့ဘာဟာ အသင်းနဲ့ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ ဆန္ဒရှိနေပြီး တစ်ပတ်လုပ်ခလစာကို ပေါင် ၂၉၀၀၀၀ အထိ ရရှိဖို့လည်း မျှော်လင့်ထားတယ်လို့ဆိုပါတယ်။

ပြင်သစ်ကြယ်ပွင့်ကစားသမား ပေါ့ဘာဟာ နည်းပြမော်ရင်ဟိုနဲ့ အဆင်မပြေဖြစ်ခဲ့တာကြောင့် ပြီးခဲ့တဲ့ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ဘာစီလိုနာအသင်းကို ပြောင်းရွှေ့ကစားဖို့ စီစဉ်ခဲ့တယ်လို့ သိရပါတယ်။

ဒါပေမယ့် အခုလက်ရှိမှာ မန်ယူအသင်းက နည်းပြမော်ရင်ဟိုကို ထုတ်ပယ်ပြီး အစားထိုးနည်းပြအဖြစ် ဆိုးရှားကို ခန့်အပ်ခဲ့ပြီးချိန်မှာ အိုးထရက်ဖို့ဒ်မှာ ဆက်နေဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။

သည်ဆန်းသတင်းဌာနရဲ့ ဖော်ပြချက်မှာတော့ ကွင်းလယ်ကစားသမား ပေါ့ဘာဟာ မန်ယူအကြီးအကဲတွေနဲ့ ဆွေးနွေးဖို့ ဆန္ဒရှိနေတဲ့အပြင် သူရဲ့လက်ရှိစာချုပ်သက်တမ်းနှစ်နှစ်ခွဲ ကျန်ရှိနေစဉ်မှာပဲ နောက်ထပ်စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့လည်း သဘောတူညီမှုရရှိထားတယ်လို့ ဆိုပါတယ်။

ကွင်းလယ်ကစားသမား ပေါ့ဘာဟာ အခုနှစ်ဘောလုံးရာသီမှာ မန်ယူအသင်းနဲ့အတူ ၁၆ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၀ ဂိုးသွင်းယူထားနိုင်ခဲ့တာဖြစ်ပြီး ဂိုးဖန်တီးမှု ရှစ်ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိ ပေါ့ဘာအနေနဲ့ ယာယီနည်းပြ ဆိုးရှားစတင်တာဝန်ယူချိန်ကစလို့ အသင်းနဲ့ အံဝင်မှုပိုမိုရှိလာခဲ့သလို ခြေစွမ်းကောင်းတွေလည်း ပြသထားနိုင်ခဲ့ပါတယ်။ မန်ယူအသင်းအနိုင်ရရှိခဲ့တဲ့ နောက်ဆုံးခုနစ်ပွဲမှာဆိုရင်လည်း ပေါ့ဘာရဲ့သွင်းဂိုးဟာ ငါးဂိုးအထိရှိထားတာလည်းဖြစ်ပါတယ်။

ပေါ့ဘာဟာ နည်းပြမော်ရင်ဟိုနဲ့ ဆက်ဆံရေးအဆင်မပြေမှုတွေ ဆက်တိုက်ဖြစ်ခဲ့တာကြောင့် စိတ်ပျက်နေခဲ့ရာကနေ ဆိုးရှားရောက်လာတဲ့အချိန်မှာ ပျော်ရွှင်မှုရရှိခဲ့ပြီး ပုံမှန်ခြေစွမ်းလည်း ပြန်လည်ပြသနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

ဆန်းချက်ဇ်က တစ်ပတ်လုပ်ခလစာ ပေါင် ၅၀၀၀၀၀ ရရှိထားတာကြောင့် ပေါ့ဘာဟာ ဆန်းချက်ဇ်ပြီးရင် မန်ယူအသင်းရဲ့ လုပ်ခလစာ ဒုတိယအများဆုံးကစားသမားလည်းဖြစ်ပါတယ်။ လက်ရှိ ပေါ့ဘာရဲ့ တစ်ပတ်လုပ်ခလစာဟာ ပေါင် ၂၉၀၀၀၀ ရရှိထားတာဖြစ်ပါတယ်။ ဒါကြောင့် ပေါ့ဘာအနေနဲ့ လက်ရှိလုပ်ခလစာထက် တိုးမြှင့်လိုချင်နေတဲ့အပြင် စာချုပ်သစ်ချုပ်ဆိုဖို့လည်း မျှော်လင့်ထားတာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## မန်စီးတီးကစားသမား မာတန်ဒိုအား ဘိုင်ယန်မြူးနစ်အသင်း ခေါ်ယူမည်

ဘိုင်ယန်မြူးနစ်အသင်းဟာ မန်စီးတီးလူငယ်ကစားသမား မာတန်ဒိုအား ခေါ်ယူရန် ဆန္ဒရှိနေပြီး အဆိုပါကစားသမားအား ပြောင်းရွှေ့ကြေးပေါင် ၁၀ သန်းဖြင့် ခေါ်ယူမယ်လို့ဆိုပါတယ်။

အသက် ၁၈ နှစ်အရွယ်ရှိ မာတန်ဒိုဟာ လာမယ့်နှစ်ထဲမှာ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်ပြီး စာချုပ်သက်တမ်းတိုးဖို့လည်း စီစဉ်နေတယ်လို့ သိရပါတယ်။

မာတန်ဒိုအား ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်းက စီစဉ်နေတဲ့အပြင် မိုချန်ဂလာဘတ်ချ်အသင်း၊ အဲဗာတန်အသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ကလည်း ခေါ်ယူဖို့ပြင်ဆင်နေတယ်လို့ သိရပါတယ်။

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ မျှော်လင့်ထားတဲ့ အနာဂတ်ကြယ်ပွင့်ကစားသမားတစ်ဦးလည်းဖြစ်ပြီး မာတန်ဒိုဟာ ၂၀၁၆ ခုနှစ်က ကာဒစ်လူငယ်အကယ်ဒမီကနေ ပေါက်ဖွားလာတဲ့ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ လက်ရှိအချိန်အထိတော့ မန်စီးတီးပထမအသင်းမှာ ပါဝင်ပွဲထွက်ကစားခွင့်တော့ မရသေးပါဘူး။





## ဖားကန့်နှင့် မိုးကုတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

မူးယစ်တပ်ဖွဲ့စု ၃ မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက် ညနေ ၅ နာရီက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကျောက်သွေးတောင်ဘုန်းကြီးကျောင်းလမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသူ ချန်းယော်(ခ)ခွန်အောင်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ဆိပ်မူကျေးရွာရှိ ၎င်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀၀ နှင့် ဘိန်းဖြူသုည ဒသမ ၉၉ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု ၁၆ ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် လယ်ကြီးတံတား ရဲကင်းအနီးတွင် ဘရန်ဆိုင်းမောင်းနှင်ပြီး ဇော်ဒွဲ(ခ)မာဒွဲ လိုက်ပါလာသည့် မော်တော်ယာဉ်အား ရှာဖွေရာ ဆပ်ပြာခွက် ၂၄၉ ခွက်ဖြင့်ထည့်ထားသည့် ဘိန်းဖြူ ၂ ဒသမ ၄၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၊ အဆင့်နိမ့်ဘိန်းသုည ဒသမ ၀၁၆ ကီလို၊ လက်ကိုင်ဖုန်းသုံးလုံးနှင့် ငွေကျပ် ၄ ဒသမ ၀၅ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**


**ချန်းယော်(ခ)ခွန်အောင်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။**

## မိတ္ထီလာ၌ တစ်နေ့တည်းမီးလောင်မှု နှစ်ကြိမ်ဖြစ်ပွား ကြက်ခြံတစ်ခြံနှင့် လူနေအိမ်နှစ်လုံး ဆုံးရှုံး

**မိတ္ထီလာ ဇန်နဝါရီ ၂၂**

မိတ္ထီလာမြို့တွင် ဇန်နဝါရီ ၂၂ ရက်က တစ်နေ့တည်း မီးလောင်မှု နှစ်ကြိမ်ဖြစ်ပွားပြီး ကြက်ခြံတစ်ခြံနှင့် လူနေအိမ်နှစ်လုံး ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နံနက် ၁၁ နာရီ ၄၅ မိနစ်က မြို့အရှေ့ဘက် ကဖြူကျေးရွာအုပ်စု မင်းတဲကုန်းကျေးရွာအပြင်ဘက် ကြက်ခြံအနီး အမှိုက်မီးရှို့ရာမှ ကြက်မရှိသည့် ကြက်ခြံမှာ မီးလောင်ခဲ့သည်။

ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲက မြို့အနောက်ဘက် မြောက်လည်ကျေးရွာအုပ်စု ဝွေးကုန်းကျေးရွာ၌ လူနေအိမ်တစ်လုံးတွင် ဆိုလာပြားနှင့် ဘက်ထရီအိုးအားသွင်းထားရာမှ မီးလောင်ခဲ့သဖြင့် နေအိမ်နှစ်လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာနေရာများသို့ ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်တို့ဖြင့် ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ရွှေပြည်သာမြို့နယ်၌ လောင်းကစားသူ ၂၃ ဦးအား ဖမ်းဆီး

**ရန်ကုန် ဇန်နဝါရီ ၂၂**

ရွှေပြည်သာမြို့နယ် အမှတ်(၁၂)ရပ်ကွက်ရှိ ကြက်ဝိုင်းတစ်ဝိုင်းအား ယနေ့ မွန်းလွဲပိုင်းတွင် ရွှေပြည်သာရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်ဖမ်းဆီးရာ အိမ်ရှင်မှာ ထွက်ပြေးတိမ်းရှောင်သွားပြီး လောင်းကြေးငွေများနှင့် လောင်းကစားပြုလုပ်ရာတွင်ပါဝင်သော ဆက်စပ်ပစ္စည်းများနှင့်အတူ လောင်းကစားပြုလုပ်သူ ၂၃ ဦးအား ဖမ်းဆီးခဲ့ကြောင်း ရွှေပြည်သာ မြို့မရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ရွှေပြည်သာမြို့နယ် အမှတ်(၁၂)ရပ်ကွက် ကံ့ကော်လမ်းသွယ် အမှတ်(၅၉၈)ရှိ ဦးခင်ဇော်၏ နေအိမ်ခြံဝင်းအတွင်း ကြက်တိုက်လောင်းကစားပြုလုပ်နေကြောင်းသတင်းအရ ရွှေပြည်သာမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ပိတ်ဆို့ဖမ်းဆီးရာ ကြက်တိုက်လောင်းကစားနေသူ ၂၃ ဦးအား ကြက်များ၊ လောင်းကြေးငွေများ၊ ၎င်းတို့၏ ဟန်းဖုန်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးခင်ဇော်ပါ ၂၄ ဦးကို ရွှေပြည်သာ မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရွှေမြိုင်မောင်ဖုန်း**

## ကံမမြို့နယ်တွင် တရားမဝင်သစ် တန် ၁၄၀ ကျော် သိမ်းဆည်းရမိ

**ကံမ ဇန်နဝါရီ ၂၂**

ကံမမြို့နယ်အတွင်း တရားမဝင်သစ်တန်ပေါင်းများစွာရှိနေသည်ဟု တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမြင့်အောင်၊ ဦးဇော်ဝင်း၊ မင်းတုန်းမြို့နယ်ရှိ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းနှင့် မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန၊ ခရိုင်သစ်တောဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၇ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က ကြို့ပင်တိုက်နယ် စည်ကျေးရွာအနီး ပုသိမ်-မုံရွာ ကားလမ်းမမှ အနောက်ဘက် နှစ်မိုင်ခန့်အကွာရှိ စည်ချောင်းရိုးယာတောအတွင်း ကျွန်းသစ် ၁၄၁ ဒသမ ၁၀၀၁ တန်နှင့် ပျဉ်းကတိုးသစ် ၆ ဒသမ ၇၈၈ တန်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



မြန်မာနိုင်ငံအတွင်း တရားမဝင်သစ်များ ဖမ်းဆီးဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော သတင်းပေးစနစ်ဖြင့်လည်းကောင်း၊ သဘာဝသစ်တောများ ကာကွယ်နိုင်ရေးအတွက် အသိပညာပေးဆောင်ရွက်မှုများကြောင့် ဇန်နဝါရီလ တတိယပတ်အတွင်း မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်း၌ တရားမဝင်သစ်တန် ၁၀၀ ကျော် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# အမြို့မြို့အနယ်နယ်တွင် ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးတိုက်ကျွေး

**ကန့်ဘလူမြို့နယ်**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဇန်နဝါရီ ၂၂ ရက်မှစတင်၍ဆင်ခြေထောက်ရောဂါကင်းဝေးရေး သန်ချဆေးပေါင်းတိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုတင် ၁၀၀ ဆံ့ ဆေးရုံအုပ်ဒေါက်တာနေမိုးထံမှ သိရသည်။

လူအားလုံးဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို မြို့နယ်အလိုက်စီမံချက်ရေးဆွဲပြီး ဇန်နဝါရီ ၂၂ ရက်မှ ၃၁ ရက်အထိ အပြီးတိုက်ကျွေးမည်ဖြစ်ပြီး ကန့်ဘလူမြို့နယ်တွင် ရပ်ကွက်/ကျေးရွာ ၉၆ အုပ်စု၊ ကျေးရွာပေါင်း ၃၀၀ နီးပါးရှိပြီး တစ်မြို့နယ်လုံး လူဦးရေ သုံးသိန်းကျော်အား ရည်မှန်းဦးရေပြည့်မီအောင် ဆေးတိုက်အဖွဲ့ပေါင်း ၁၅၄ ဖွဲ့ဖြင့် တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

**ချောင်းဆုံမြို့နယ်**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ဆင်ခြေထောက်ရောဂါကာကွယ်ရေး ဆေးတိုက်ကျွေးခြင်းကို မြို့ပေါ်အရှေ့၊ အနောက်ရပ်ကွက်နှင့် ကျေးရွာများတွင် ဇန်နဝါရီ ၂၂ ရက် ညနေပိုင်းက ဆေးတိုက်အဖွဲ့ ၁၄၈ ဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဆင်ခြေထောက်ရောဂါကာကွယ်ရေး ဆေးတိုက်ကျွေးရာတွင် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများက ရောဂါလက္ခဏာများအကြောင်း ပြောကြားပြီး ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဇန်နဝါရီ ၂၂ ရက်မှ ၃၁ ရက်အထိ အသက်နှစ်နှစ်မှ ၆၀ နှစ်ထိ ခန့်မှန်းလူဦးရေ ၁၂၃၁၃၃ ဦးအား ကာကွယ်ဆေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မှော်ဘီမြို့နယ်**

ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူသားအားလုံး ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ယနေ့ညနေပိုင်းတွင် မှော်ဘီမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးအဖွဲ့နှင့်အတူ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များနှင့် NGO အဖွဲ့များ ပူးပေါင်းပြီး တစ်အိမ်တက် ဆင်းလိုက်လံပြီး ဆေးများကို တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

**သင်းမြတ်သော်(ပြန်/ဆက်)**

**တပ်ကုန်းမြို့နယ်**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာအုပ်စု ဘူတာကျေးရွာတွင် ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများကို ဇန်နဝါရီ ၂၂ ရက် ညနေပိုင်းက အဆိုပါကျေးရွာတွင် အသက် ၁၈ နှစ်အထက် ၇၅၁ ဦး၊ အသက် ၁၈ နှစ်အောက် ၃၈၁ ဦး စုစုပေါင်းလူဦးရေ ၁၁၃၂ ဦးအား ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတလူငယ်အဖွဲ့နှင့် တာဝန်ရှိသူများက တစ်အိမ် တက်၊ ဆင်း ဆေးတိုက်ကျွေးပြီး ဆင်ခြေထောက် ရောဂါကင်းဝေးရေး သန်ချဆေးပေါင်းတိုက်ကျွေးပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

**ဘောဂလိမြို့နယ်**

ကရင်ပြည်နယ် ဘောဂလိမြို့ပေါ်ရှိ ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာနှင့် အထကကျောင်းများသို့ ယနေ့နံနက် ၈ နာရီခွဲက မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခေတ္တစခန်းမှူးနှင့် ဘောဂလိမြို့ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာအဖွဲ့တို့က ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများကို တစ်အိမ်တက် ဆင်းလိုက်လံတိုက်ကျွေးခဲ့ကြောင်း သိရသည်။

**ဘောဂလိ(ပြန်/ဆက်)**

## ကြော်ငြာ

### မေတ္တာရပ်ခံ တောင်းပန်ခြင်း

၂၁-၁-၂၀၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၁ တွင် ဖော်ပြပါရှိသည့် စာရေးဆရာ ဝိသုဇ္ဇက(ပဲခူး)၏ စာအုပ်အပေါ် စာရေးသူ စာဖတ်သူ ဆွေးနွေးပွဲသတင်း ခေါင်းစဉ်နှင့် သတင်းစာသား ပထမပိုဒ်တွင်ပါရှိသည့် စာအုပ်အမည်ကို **"ရက္ခပူရ ယဉ်ကျေးမှုအလှ"** ဟု ပြင်ဆင်ဖတ်ရှုပေးနိုင်ပါရန်နှင့် ယင်းအမှားသည် ကျွန်တော့်တွင် တာဝန်ရှိပါ၍ ခွင့်လွှတ်ပါရန် တောင်းပန်အပ်ပါသည်။

**သတင်းထောက်အမှတ် - ၁၄၂**

**ဦးဖြေ (ဝိသုဇ္ဇက - ပဲခူး)**

## ၂၀၁၉ တိုးမြှင့်ပင်စင်လစာများ စတင်ထုတ်ပေး

**ညောင်လေးပင် ဇန်နဝါရီ ၂၂**

၂၀၁၉ တိုးမြှင့်ပင်စင်လစာများအား ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ဇန်နဝါရီ ၂၁ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီခွဲအထိ စတင်ထုတ်ပေးနေသဖြင့် ပင်စင်စားဝန်ထမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ဘဏ်မှာ ပင်စင်စားဦးရေ ၃၀၀၀ ကျော်ခန့်ရှိပါတယ်။ ပင်စင်စား ပြည်သူများအနေဖြင့် တိုးမြှင့်ပင်စင်များ လာရောက်ထုတ်ယူရာမှာ ပင်စင်စမတ်ကတ်များအပြင် ယခင်ပင်စင်စာအုပ်မူရင်းများကို ယူလာပေးရန် လိုအပ်ပါတယ်။ ဒါမှသာ တိုးမြှင့်ပင်စင်လစာသစ်များကို ပင်စင်စာအုပ်မှာ တံဆိပ်တုံးရိုက်နှိပ်ပေးရမှာဖြစ်ပါတယ်"ဟု မန်နေဂျာဒေါ်စန္ဒာမြင့်က ရှင်းပြသည်။

**နေလင်း(ညောင်လေးပင်)**





# ရုပ်ရှင်သစ်အတွက် ဆေးကုသဖို့ နှောင့်နှေးနေတဲ့ ရှိုင်ယန်ရေးနော့ဒ်

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်သူ ရှိုင်ယန်ရေးနော့ဒ်ဟာ "Deadpool" ရုပ်ရှင်တွေအတွက် သူ့ရဲ့အချိန်တွေကို ဆယ်စုနှစ်တစ်ခုကြာ မြှုပ်နှံထားခဲ့တာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ ယင်းရုပ်ရှင်သစ်အတွက် ပရိုမိုးရှင်းလုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်။ ဒါကြောင့် မင်းသားဟာ သူ့ရဲ့ လက်မောင်းခွဲစိတ်ကုသဖို့အရေး နောက်ချန်ထားရတာဖြစ်ကြောင်း မေးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာတော့ "Deadpool 2" ကို တရုတ်နိုင်ငံမှာ စတင်ပြသခဲ့တာ ဖြစ်ပါတယ်။ ဒီလို တရုတ်နိုင်ငံမှာ ပြသတာဟာ "Deadpool" ရုပ်ရှင်တွေအတွက် ဒီတစ်ကြိမ်ဟာ ပထမဆုံးလည်း ဖြစ်ပါတယ်။ ဒီအခမ်းအနားကို တက်ရောက်ဖို့အတွက် မင်းသားဟာ သူ့ရဲ့ လက်မောင်းခွဲစိတ်ကုသဖို့ရာ ရက်ချိန်းယူထားတာကို ဖျက်ပစ်ခဲ့ရတာ ဖြစ်တယ်လို့လည်း သိရပါတယ်။

အသက် ၄၂ နှစ်ရှိပြီဖြစ်တဲ့ ရှိုင်ယန်ရေးနော့ဒ်ဟာ အဆိုပါရုပ်ရှင်တွေမှာ စုံထောက်တစ်ဦးဖြစ်တဲ့ ပီကာချူးနေရာကနေ ပါဝင်ထားတာဖြစ်ပါတယ်။ ဒီရုပ်ရှင်တွေကို ယခင်ကလည်း တရုတ်နိုင်ငံမှာ ပြသဖို့ရာ ရည်ရွယ်ခဲ့ပေမယ့် ဆင်ဆာအခက်အခဲတွေကြောင့် ပြသခွင့်မရခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်



# ကိုးနှစ်ကြာမှ ရုပ်ရှင်လောကအတွင်း ပြန်လည်ဝင်ရောက်မယ့် လီနာယောင်း

ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၁ ရက်မှာတော့ တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲသစ် " Romance is a Bonus Book" အတွက် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ အဆိုပါအခမ်းအနားမှာတော့ ဇာတ်လမ်းတွဲမှာ မင်းသမီး လီနာယောင်း ပါဝင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာပါ။ လီနာယောင်းဟာ လွန်ခဲ့တဲ့ ကိုးနှစ်တာကာလအတွင်း ဇာတ်လမ်းတွဲတွေ ရိုက်ကူးခဲ့ခြင်းမရှိဘဲ လတ်တလောမှာမှ ပြန်လည်ရိုက်ကူးသွားဖို့ရှိနေတာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီနာယောင်းဟာ ခင်ပွန်းဖြစ်သူ မင်းသား ဝန်ဘင်းနဲ့ လက်ထပ်ပြီးနောက် ရုပ်ရှင်တွေ ရိုက်ကူးခဲ့တာ မတွေ့ရပါဘူး။ သူတို့နှစ်ဦးမှာ သားလေးတစ်ဦးရရှိခဲ့ပြီး လတ်တလောမှာမှ ရုပ်ရှင်လောကအတွင်း ပြန်လည်ဝင်ရောက်လာတာ ဖြစ်ပါတယ်။ "Romance is a Bonus Book" မှာတော့ လီနာယောင်းဟာ ကော်ပီစာရေးဆရာတစ်ဦးအဖြစ် ပါဝင်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ လီနာယောင်းဟာ ဇာတ်လမ်းတွဲအပြင် ရုပ်ရှင်တစ်ကားလည်း ရိုက်ကူးဖို့ရာ ပြင်ဆင်နေတယ်လို့ သိရပါတယ်။

နှစ်တွေအတော်ကြာမှ ရုပ်ရှင်နယ်ပယ်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့တဲ့ လီနာယောင်းက သူ့ရဲ့ ခံစားချက်တွေကိုလည်း မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။ မင်းသမီးက ရုပ်ရှင်သရုပ်ဆောင်အဖြစ် ရပ်တည်ရတာဟာ သူ့အတွက် ခက်ခဲတဲ့အရာတစ်ခုဖြစ်ပြီး ဒီလိုခက်ခဲတာကြောင့် ရုပ်ရှင်လောကဟာ သူ့အတွက် ဆွဲဆောင်မှုရှိကာ ပြန်လည်လုပ်ဆောင်လိုတာဖြစ်တယ်လို့လည်း ဆိုပါတယ်။ လတ်တလော ရုပ်ရှင်လောကအတွင်း ပြန်လည်ဝင်ရောက်ရာမှာလည်း ပျော်ရွှင်မှုထက် အခက်အခဲတွေသာ တွေ့ကြုံရတယ်လို့လည်း မင်းသမီးက ပြောကြားခဲ့ပါတယ်။

ခင်ပွန်းဖြစ်သူ ဝန်ဘင်းနဲ့ သူ့အကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီးလည်း လီနာယောင်းက သူတို့နှစ်ဦးဟာ စကားတွေ အများကြီး ပြောဖြစ်တာမျိုး နည်းပေမယ့် သူတို့နှစ်ဦးဟာ သူငယ်ချင်းတွေနဲ့ပိုတူကြောင်း၊ သူ့အတွက် ခက်ခဲချိန်တွေမှာလည်း ခင်ပွန်းဖြစ်သူက အားပေးလေ့ရှိကြောင်း ရင်ဖွင့်လာပါတယ်။ သူတို့နှစ်ဦးရဲ့ သားလေးနဲ့ပတ်သက်ပြီး အနာဂတ်မှာ သားလေးရဲ့ ဆန္ဒတွေကို ဖြည့်ဆည်းပေးမှာဖြစ်ကြောင်း၊ သရုပ်ဆောင်တစ်ဦးဖြစ်လိုပါက အားပေးကူညီသွားမှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

Times City

Times City ၏

Jewellery Mall နှင့် Times Mall ရှိရုံးခန်း၊ ဆိုင်ခန်းများ ငှားရမ်းမိတ်ဆက်ပွဲအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁၂) ရက် နှင့် (၁၃) ရက် တို့တွင် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ထပ်မံ၍ ငှားရမ်းလိုသော မိတ်ဆွေများအတွက်နေ့စဉ် နံနက် ၉း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီအထိ **Information Centre** အား ဖွင့်လှစ်ထားရှိသွားမည်ဖြစ်ပြီး မိတ်ဆွေများအနေဖြင့် သိရှိလိုသည့်အချက်များ၊ငှားရမ်းလိုသည့် ရုံးခန်း၊ဆိုင်ခန်းများအား ဆက်လက်ကြည့်ရှု စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

*Soft opening on 01 May 2019*

ဆက်သွယ်ရမည့်လိပ်စာ - Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်းနံပါတ်များ -09-765800800 , 09-764800800 , 09-5045777
Website - http://www.timescity.com.mm
Facebook - Times City Yangon - Myanmar
Email - timescityproject@gmail.com

# အိပ်မက်လမ်းသို့ ခရီးရှည် (၇)

မြင့်စိုး (နတလ)



### ဒုတိယမြောက်အိပ်မက်လမ်းတစ်သွယ်

ပူတာအိုခရိုင်အတွင်းကမဂွေဇ-ခေါင်လန်ဖူး ၆၅ မိုင် ၄ ဖာလုံလမ်းကို အိပ်မက်လမ်းတစ်သွယ်အဖြစ် ကျွန်တော်တို့ အမည်ပေးကင်ပွန်းတပ်ခေါ်ဝေါ်ခဲ့ကြပါပြီ။ ဤသို့ဆိုလျှင် ပူတာအိုခရိုင် အတွင်းမှာပင် နောင်မွန်မြို့နယ် ပန်နန်းဒင်မြို့မှ အစပြုဖောက်လုပ်နေသော ပန်နန်းဒင်-ငဝ့်ဝါ-ဂဝိုင်-ဒဖုံဒမ်း-တဆူထု-ထလာထု-ခရောင်း- ဒဟွမ်ဒမ်းလမ်းကို ဒုတိယမြောက်အိပ်မက်လမ်းတစ်သွယ်အနေဖြင့် တင်စားခေါ်ဝေါ်မည်ဆိုပါက မှားမည်မထင်ပါ။ ယခင်ဖွဲ့စည်းပုံအရ မြို့နယ်ခွဲအဖြစ် သတ်မှတ်ခြင်းခံခဲ့ရဖူးသော အနီးပန်နန်းဒင်မြို့လေးသည် မြန်မာပြည်၏ မြောက်ဘက်အစွန်ဆုံးဒေသမှ တစ်ခုတည်းသော မြို့ကလေးဖြစ်သည်။ မြန်မာပြည်၏ မြို့များစွာထဲမှာ တစ်ခုအပါအဝင် ဖြစ်နေသော်ငြားလည်း မော်တော်ကားတစ်စီးမှမရှိ၍ မြို့တွင်းသွားကားလမ်းဖောက်ပေးရန်မလိုသော၊ ဆိုက်ကားနှင့် မြင်းလှည်းအစရှိသည့် အနေးယာဉ်များလည်း တစ်စီးတလေမှမရှိကြသော၊ ကဆန်ခ ချောင်းလေးဘေးမှာ ရှိနေလင့်ကစား ထက်အောက်စုန်ဆန် သွားလာနိုင်သည့် စက်လှေများလည်း မတွေ့မြင်ခဲ့ရသော ပီဘိသနားစရာမြို့လေးအဖြစ် တိတ်ဆိတ်ငြိမ်သက်စွာ တည်ရှိနေပါသည်။ တစ်ချိန်က မိမိတို့ မွေးရပ်ဇာတိမြေ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်အတွင်းရှိ လေးမျက်နှာ မြို့လေးကို ဧရာဝတီတိုင်းဒေသကြီး၏ မဲဇာ၊ ကားလမ်းမရှိ၊ ရထားလမ်းမရှိ ဝဍ်မြစ်ထဲမှာ စက်လှေကလေးများဖြင့် တဖုတ်ဖုတ်သွားပြီးမှ ရောက်သောလမ်းဆုံးမြို့(လမ်းဆုံးမဟုတ်ပါ)လေးအဖြစ် ဝိဂြိုဟ်ပြုခဲ့ကြဖူးပါသည်။ သံယောဇဉ်ကြီးစွာဖြင့် ကျွန်တော် နှစ်ခါနှစ်ခေါက်ရောက်ခဲ့ဖူးသော ပန်နန်းဒင်၏ အခြေအနေက လေးမျက်နှာမြို့ထက်ဆိုးကြောင်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါသည်။

ရပ်ဘော့-ပန်နန်းဒင်ကားလမ်းမိုင် (၃၀) ကို နတလက ၂၀၀၈-၂၀၀၉ ခုနှစ်တွင် စတင်ဖောက်လုပ်ပေးခဲ့ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ပဆင)က ဆက်လက်ဖောက်လုပ်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ပန်နန်းဒင်မြို့ထိပ်က ကဆန်ခချောင်းဘေးထိ လမ်းပေါက်ခဲ့ပြီဖြစ်သည်။ ကဆန်ခချောင်းပေါ်တွင် ကြိုးတံတားလေး တစ်စင်း တည်ဆောက်ထားပြီးဖြစ်ရာ မြို့နားအထိ ကားလမ်းပေါက်လာချိန်၌ မော်တော်ဆိုင်ကယ်လေးများဖြင့် မြို့ထဲအထိ သွားလာနေကြပြီဖြစ်သည်။ ပန်နန်းဒင်၏ ပကတိအခြေအနေအရအလွန်သေးငယ်သော မြို့လေးအဖြစ် တည်ရှိနေသော်ငြား သူ၏ အနောက်ဘက်ရှိ ခါကာဘိုရာဇီတောင်၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်တို့နှင့် ဆက်စပ်နေသော သဘာဝပတ်ဝန်းကျင်ကောင်းများ၏ အရှိန်အဝါက အရှေ့တောင်အာရှနိုင်ငံများအတွင်းသာမက ကမ္ဘာသိကြီးမားကျယ်ပြန့်စွာ တောက်ပလျက်ရှိသည်ကို တွေ့မြင်ရပေမည်။ နောင်တွင် နိုင်ငံတော်အတွက် အရေးပါမည့် ထိုဒေသမှာ နတလက စတင်ဖောက်လုပ်နေသော ထိုကားလမ်းသည် ထိုဒေသက တိုင်းရင်းသားများအတွက် ယခင်ကာလများစွာကတည်းက အိပ်မက်မက်ခဲ့ရသော လမ်းတစ်သွယ်ဖြစ်နေခဲ့သည်ဟု ညွှန်းဆိုရသော် မှားမည်မဟုတ်ပါ။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းထွန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်တို့သည် တာဝန်ရှိသူများ လိုက်ပါလျက် ပြီးခဲ့သည့် ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းက ပန်နန်းဒင်မြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိခဲ့ကြပြီး ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံကာ ဆန်အိတ်နှင့်ဆားအိတ်များ၊ ကြက်ဥ၊ ဘီစကွတ်မုန့်၊ ခေါက်ဆွဲခြောက်၊ ရွှေဖီဦးအသင့်ဖျော် တပ်မတော်လက်ဖက်ရည်ထုပ်များ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီစသော စားသောက်ဖွယ်ရာများ၊ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် ခဲတံများထောက်ပံ့ပေးခဲ့ပြီးနောက် ပန်နန်းဒင်-ငဝ့်ဝါ-ဂဝိုင်-ဒဖုံဒမ်း-တဆူထု-ထလာထု-ခရောင်း-ဒဟွမ်ဒမ်းလမ်း ဖောက်လုပ်နေမှု အခြေအနေများကို လိုက်လံစစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ နယ်စပ်ဒေသအသီးသီး၌ လမ်းတံတားလုပ်ငန်းများအပါအဝင် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာ၌ လူဦးရေသိပ်သည်းဆအနည်းအများ၊ စီးပွားရေးအရ တွက်ခြေကိုက်ခြင်း၊ မကိုက်ခြင်းတို့ကို မေ့ထားရန် လိုအပ်သကဲ့သို့ ထိုဒေသသေးသေးလေးမှာ ဆောင်ရွက်ပေးနေသော လုပ်ငန်းများက တစ်ဆင့် ရရှိလာသည့် တိုင်းရင်းသားများ၏ ယုံကြည်မှု၊ အားကိုးအားထားပြုမှုတို့သည် အခြားအခြားသော နယ်စပ်ဒေသများသို့ပါ စိမ့်ဝင်ပျံ့နှံ့ကာ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို များစွာအထောက်အကူပြု၍ နေပါလိမ့်မည်။

### ခေါင်လန်ဖူးမြို့လေးဆီသို့

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီလ ၁၄ ရက်နေ့ နံနက်ပိုင်းကလည်းရဟတ်ယာဉ်ဖြင့် ခေါင်လန်ဖူးမြို့သို့ သွားရောက်ကာ ပြည်သူ့ဆေးရုံအား လှည့်လည်ကြည့်ရှုကြပြီး ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ မေးမြန်းညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် ပါလာသော ဆန်အိတ်၊ ဆားအိတ်များ၊ ရေသန့်စက် ၁၄ စုံ၊ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် ခဲတံများ၊ ခေါက်ဆွဲခြောက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ အသင့်ဖျော် တပ်မတော် လက်ဖက်ရည်ထုပ်များကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

### ရီဒမ်းသို့ ရောက်ခဲ့သည်

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခေါင်လန်ဖူးမှ ပြန်လည်ထွက်ခွာခဲ့ကြရာ ရီဒမ်းကျေးရွာတွင် ရဟတ်ယာဉ်ဆင်းပြီးနောက် မေခမြစ်ကူးရီဒမ်းကြိုးတံတားအားလည်းကောင်း၊ ကားလမ်း ပေါက်သွားလျှင် မေခမြစ်ကူးရန် နယ်စပ်ရေးရာဝန်ကြီးဌာနက တည်ဆောက်ပေးမည့် ကူးတို့ဖောင်ထားရှိမည့် နေရာကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ရီဒမ်းသို့ရောက်ခိုက် ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ ထောက်ပံ့ငွေများပေးအပ်ပြီး ကျောင်းအတွက် တန်ဖိုးနည်း ဝန်ထမ်းအိမ်ရာ တစ်လုံးကိုလည်း ခွင့်ပြုပေးခဲ့သည်။ ခေါင်လန်ဖူး အခြေခံပညာ အထက်တန်းကျောင်းအတွက်လည်း ဝန်ထမ်းအိမ်ရာနှစ်လုံး ခွင့်ပြုခဲ့ပါသေးသည်။



### ဆန်းလွတ်ချက်သို့ ဝင်

ပြည်ထောင်စုဝန်ကြီး၊ ကစထမှူး၊ တိုင်းမှူးနှင့် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့သည် ရီဒမ်းကြိုးတံတားမှအပြန် မဂွေဇ-ခေါင်လန်ဖူး ကားလမ်း၏ ၃၃ မိုင် ၆ ဖာလုံ နေရာဆန်းလွတ်ချက် တောင်ထိပ်သို့ ရဟတ်ယာဉ်ဆင်းပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ဆက်လက်ဖောက်လုပ်နေသော လမ်းပြီးစီးမှု အခြေအနေ၊ လိုအပ်ချက်နှင့် အခက်အခဲများ၊ လာမည့်ဘဏ္ဍာနှစ်တွင် လျာထားသော လုပ်ငန်းများကို တင်ပြသည်။ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးပြီး သတ်မှတ်ကာလတွင် ပြီးစီးရေး၊ အရည်အသွေးပြည့်မီရေး၊ ရေရှည်တည်တံ့ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်တို့ကလည်း လမ်းလုပ်ငန်းများ အမြန်ပြီးစီးရေးအတွက် ယန္တရားမောင်းစစ်သည်များ၊ မိုင်းခွဲကျွမ်းကျင်စစ်သည်များထပ်မံ၍ အင်အားဖြည့်တင်းပေးပါသည်။ ယင်းနောက် လမ်းလုပ်သားများ၊ ဝန်ထမ်းများနှင့် စစ်သည်များအတွက် ထောက်ပံ့ငွေများပေးအပ်၍ လမ်းဖောက်လုပ်နေသော ၃၅/၀မိုင်အထိ ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ရဟတ်ယာဉ်အား မဂွေဇသို့ပျံသန်း စောင့်ကြိုစေကာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က ဆန်းလွတ်ချက်မှ မဂွေဇအထိမော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး ကျောက်လမ်းခင်းခြင်း၊ Box Culvert တည်ဆောက်ခြင်း လုပ်ငန်းများအပေါ် လိုအပ်သည်များ မှာကြားခဲ့သည်။

### အိပ်မက်လမ်းသို့ ခရီးရှည်

ဤနာမည်ဖြင့် ကျွန်တော် ဆောင်းပါးများရေးခဲ့သည်။ ဤနာမည်ဖြင့်ပင် ကျွန်တော် စာမူရေးပေးပြီးမြန်မာ့ရုပ်မြင်သံကြား (MRTV) က ရုပ်/သံအစီအစဉ်တစ်ခုကို ပူတာအို၊ မချမ်းဘော၊ နောင်မွန်၊ ပန်နန်းဒင်၊ ရီဒမ်းဒေသများနှင့် ဖောက်လုပ်ဆဲ မဂွေဇ-ခေါင်လန်ဖူး ကားလမ်းတစ်လျှောက် ရိုက်ကူးထားပြီးဖြစ်သည်။ ထုတ်လွှင့်ပြသနိုင်ရေး အပြီးသတ်စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ စင်စစ်သော်ကား ဤနာမည်ကိုစ၍ ပေးခဲ့သူမှာ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူ လက်တွဲကာ နယ်စပ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မဂွေဇ-ခေါင်လန်ဖူး(၆၅/၄)မိုင် ကားလမ်းနှင့် ပတ်သက်၍ ကားလမ်းမဖောက်လုပ်မီက ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေနှင့် လမ်းဖောက်လုပ်ပြီး ပြောင်းလဲသွားသော အခြေအနေများ၊ ဒေသခံ ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအခြေအနေ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် Tourist Attraction အတွက် သာယာလှပသောနေရာများနှင့် သဘာဝပတ်ဝန်းကျင်ကောင်းများ ပြည့်စုံကြွယ်ဝသည့် ဒေသဖြစ်ကြောင်း ပုံဖော်ရိုက်ကူးတင်ပြရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်ခဲ့သည်။

ယင်းလမ်းညွှန်ချက်အရအကြံဉာဏ်နှင့် ညှိနှိုင်းပေါင်းစပ်မှုများရယူရန်အတွက် ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၉ ရက်နေ့က နယ်စပ်ရေးရာဝန်ကြီးဌာန၌ ညှိနှိုင်းပေါင်းစပ် အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့် (ယခု ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဦးစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ရုပ်သံအစီအစဉ်၏ အမည်ကို ‘အိပ်မက်လမ်းသို့ ခရီးရှည်’ ဟုပေးရန် ဦးမျိုးမြင့်မောင်က အကြံပြုခဲ့ခြင်း ဖြစ်၏။ သေချာပြန်စဉ်းစားကြည့်လျှင် ကျွန်တော်တို့ နိုင်ငံအတွင်းရှိ နယ်စပ်ဒေသအသီးသီးမှာ လှည်းမပေါက်၊ လှေမရောက်၊ ကားလမ်းမရှိ၊ ရထားလမ်းနတ္ထိ၊ သွားလာရေးခက်ခဲလွန်း၍ လမ်းတစ်လမ်း ပေါ်ပေါက်စေရေး အိပ်မက်မက်နေကြသူများ များစွာရှိနေပါဦးမည်။ ဒီလိုနေရာဒေသမျိုးတွေမှာ သူတို့တစ်တွေ အိပ်မက်က နိုးထလာအောင် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများက ဖန်တီးဖော်ဆောင် ပေးကြရပါဦးမည်။ လမ်း/တံတားတစ်မျိုးတည်းသာမက ပညာရေး အိပ်မက်၊ ကျန်းမာရေးအိပ်မက်၊ ဆက်သွယ်ရေးအိပ်မက်၊ စွမ်းအင်အိပ်မက် စသည်ဖြင့် များစွာသော အိပ်မက်များက နိုးထလာစေရန် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရပါဦးမည်။ ။

# တိုင်းရင်းသားတွေဆီက အစားအသောက်တွေဟာ ထူးခြားတဲ့အစားအသောက်တွေရှိတယ်၊ အဝတ်အထည်တွေရှိတယ်၊ လက်မှုပညာတွေရှိတယ်၊ ဒါတွေအားလုံးကို ကမ္ဘာ့ဈေးကွက်ထဲထိုးဖောက်ဖို့ဆို ဒီပွဲနဲ့စရမှာဖြစ်ပါတယ်

## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

### တွေ့ဆုံမေးမြန်း- သီသီမင်း၊ ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများ၏ ရိုးရာယဉ်ကျေးမှုနှင့် စည်းလုံးညီညွတ်မှုကို ထုတ်ဖော်ပြသနိုင်ရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းတွင် ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ခြောက်ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

#### ပြခန်းများပြသထားမည်

အဆိုပါပွဲတော်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားလူမျိုးကြီး ရှစ်မျိုး၏ အကအလှများ၊ တိုင်းရင်းသားလူမျိုးစု တစ်စုချင်းစီ၏ ရိုးရာယဉ်ကျေးမှုဓလေ့၊ နေထိုင်မှုပုံစံများနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ ရိုးရာအစားအစာများကို တစ်စုတစ်စည်းတည်းဖော်ပြထားသည့် ပြခန်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် မိမိတို့ကုန်ပစ္စည်းများကို တစ်စုတစ်ဝေးတည်း၊ တစ်နေရာတည်းတွင် ပြသရောင်းချနိုင်သည့် ပြခန်းများကို ပြသထားမည်ဖြစ်ပြီး ပွဲတော်သို့ လာရောက်လေ့လာသူများအနေဖြင့်လည်း တစ်နေရာတည်းတွင် တွေ့မြင်ခံစားနိုင်မည်ဖြစ်သည်။

သို့ပါ၍ အဆိုပါပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားပြခန်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းတင်ပြလိုက်ရပါသည်-

**ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် (နာယက၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း)**

ဒီအသင်းဖွဲ့ရတဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ နိုင်ငံမှာ အစိုးရသစ် ဦးစားပေးတာက ငြိမ်းချမ်းရေးကို ဦးစားပေးတာ၊ ငြိမ်းချမ်းရေးကိုဦးစားပေးတဲ့အခါမှာ ငြိမ်းချမ်းရေးရဲ့ အခြေခံကစီးပွားရေးပဲ၊ နိုင်ငံမှာစီးပွားရေးနဲ့ ငြိမ်းချမ်းရေးက ဆက်စပ်နေတာ၊ နိုင်ငံမှာ ဘောဂဗေဒရှုထောင့်အရ မငြိမ်းချမ်းလို့ မတိုးတက်၊ မတိုးတက်လို့ မငြိမ်းချမ်း၊ အဲဒီသံသရာကြီးကလည်နေတယ်၊ အဲဒါနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ခွင့်တောင်းတာပေါ့၊ ခွင့်တောင်းတာကဘာလဲဆိုရင် Business for Peace ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ခွင့်ပေးပါ။ ငြိမ်းချမ်းရေးရဖို့ ပင်လုံ(၂၁)ရာစုဒါတွေဆွေးနွေးတာကတစ်ပိုင်း၊ တစ်ဖက်ကလည်း စီးပွားရေးတွေ တိုးတက်အောင် ဘယ်လိုလုပ်မလဲ၊ လာမယ့် ၂၅ ရက်ကနေ ခြောက်ရက်တိတိလုပ်မယ့်ပွဲဟာ တိုင်းရင်းသားလုပ်ငန်းရှင်တွေ စုစည်းတဲ့ပွဲ၊ ကျွန်တော်တို့နိုင်ငံမှာတိုင်းရင်းသားတွေ တိုင်းရင်းသားလို့ပြောရင် ၁၃၅ မျိုးရှိတယ်။ ကျွန်တော်တို့အနေနဲ့ ဖြစ်စေချင်တာက တိုင်းရင်းသားလုပ်ငန်းရှင်တွေကို တစ်စုတစ်စည်းတည်း တကယ့်ကို စီးပွားရေးကို ထဲထဲဝင်ဝင်လုပ်စေချင်တယ်။



ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

ကျွန်တော်တို့ဆီမှာ တိုင်းရင်းသားလုပ်ငန်းရှင်တွေအနေနဲ့ မွန်ဆိုလည်းမွန်၊ ပအိုဝ်းဆိုလည်း ပအိုဝ်း၊ 'ဝ' ဆိုလည်း 'ဝ'၊ သူတို့ဆီမှာ ထူးခြားတဲ့ဝိသေသရှိတယ်။ ဝန်ဆောင်မှုတွေပေးနိုင်တယ်၊ ဒါတွေကိုထူးထူးခြားခြား ထုတ်နိုင်ရင်၊ ဒါတွေအားလုံးသာ ကမ္ဘာ့ဈေးကွက်ထဲ ထိုးဖောက်နိုင်ရင် စီးပွားရေးဖွံ့ဖြိုးလာမယ်။ ကျေးဇူးတင်ဖို့ကောင်းတာက အစိုးရသစ်မှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရှိတယ်။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရဲ့ ဦးစီးမှုအောက်ကနေ ဒီအသင်းကြီးက လှုပ်ရှားနေတာ၊ ဖြစ်စေချင်တာကတော့ ဒီတိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဒီနေ့လုပ်ရတဲ့ပွဲမှာ တိုင်းရင်းသားလုပ်ငန်းရှင်တွေအားလုံးစုစည်းတယ်။ သူတို့ကို အားပေးတာပေါ့။ နိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့လည်းလိုတယ်။ ပြီးတော့မှ အခုလုပ်မယ့်ပွဲကလည်း ဟောဒီကျိုက္ကဆံကွင်းကြီးဟာ ဟိုးယခင်ကပြည်ထောင်စုနေ့ပွဲလုပ်ရင် ဒီမှာပဲလုပ်တာ၊ ဒါကြောင့် ဒီလိုပြန်လုပ်တာဝမ်းသာတယ်။

ဒီပွဲတော်ကြီးမှာ မနောပွဲလည်းလုပ်မယ်။ မနောအကလည်းပါမယ်။ လက်ဝှေ့ပွဲလည်းရှိမယ်။ မယ်ရွေးပွဲတွေပါမယ်။ နောက်တစ်ခုက အစားအသောက်တွေ၊ အစားအသောက်ကလည်းအလွန်အရေးကြီးတယ်၊ တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ အစားအသောက်တွေက တစ်ခုနဲ့တစ်ခုမတူဘူး၊ ဖြစ်စေချင်တာက မြန်မာနိုင်ငံက တိုင်းရင်းသားတွေရဲ့ အစားအသောက်တွေ ကမ္ဘာ့ဈေးကွက်ထဲ ရောက်စေချင်တာ။ တိုင်းရင်းသားတွေဆီက အစားအသောက်တွေဟာ ထူးခြားတဲ့ အစားအသောက်တွေရှိတယ်၊ အဝတ်အထည်တွေရှိတယ်။ လက်မှုပညာတွေရှိတယ်။ ဒါတွေအားလုံးကို ကမ္ဘာ့ဈေးကွက်ထဲထိုးဖောက်ဖို့ဆို ဒီပွဲနဲ့စရမှာဖြစ်ပါတယ်။ ဒီပွဲဟာ နိုင်ငံတော်အစိုးရရဲ့ အားပေးမှု၊ လုပ်ငန်းရှင်တွေက တစ်ယောက်အကြောင်းတစ်ယောက်၊ တစ်ဦးချင်းလုပ်ရရင် ပင်ပန်းတယ်၊ အခုလို ဝိုင်းဆွေးနွေးပြီး တိုင်းရင်းသားလုပ်ငန်းရှင်တွေအားလုံးအတွက် အဖွဲ့အစည်းရှိတာဟာ ကျွန်တော်တို့အတွက် အင်မတန်မှ ဂုဏ်ယူစရာလည်းဖြစ်တယ်။

#### အမွေအနှစ်ဖော်ထုတ်

ကိုယ့်နိုင်ငံတိုးတက်စေချင်တယ်၊ အောင်မြင်စေချင်တယ်၊ ငြိမ်းချမ်းစေချင်တယ်၊ ဒီအောင်မြင်မှုတွေကို ဒီပွဲကနေတစ်ဆင့် ငြိမ်းချမ်းရေးပွဲလို့လည်း ပြောလို့ရတယ်၊ ယဉ်ကျေးမှုပွဲလို့လည်း ပြောလို့ရတယ်။ စီးပွားရေးပွဲလို့လည်း ပြောလို့ရတယ်။ လူမှုရေးပွဲလို့လည်း ပြောလို့ရတယ်။ အခု ပြခန်းတွေလိုက်ကြည့်တဲ့အခါမှာ သမိုင်းအမွေအနှစ်တွေကိုဖော်ထုတ်ထားတာရှိတယ်။ သမိုင်းအမွေအနှစ်တွေများတဲ့ တိုင်းရင်းသားတွေစုစည်းထားတဲ့ ပြည်ထောင်စုကြီး တိုးတက်အောင် ဒီပွဲကနေတစ်ဆင့်ပေါ့၊ ကျွန်တော် တစ်ခုပဲ သတိပေးချင်တာက ပွဲပြီးမီးသေဆိုတဲ့စကားလို ပွဲလုပ်တုန်းကတော့ အကုန်လုံးအားထည့်တာပဲ၊ ပွဲလည်းပြီးသွားရော၊ ပြီးသွားရော အဲ့လိုမျိုးမဖြစ်အောင် အားထုတ်ကြဖို့လိုတယ်။

ဒီနေ့ဖြစ်စေချင်တာတော့ နိုင်ငံခြားဧည့်သည်တွေလည်း ဖိတ်ဖို့ အစီအစဉ်တွေရှိတယ်။ သံရုံးတွေ သိဖို့လိုတယ်၊ မြန်မာပြည်နဲ့ပတ်သက်လာရင် ပြဿနာဖြစ်တာကိုပဲ သိတယ်။ အေးချမ်းတာကိုမသိဘူး၊ တိုးတက်တာကို မသိဘူး၊ အဲဒီတော့ ဒီပွဲကနေတစ်ဆင့် ကမ္ဘာကိုကြေညာချင်တာ၊ မင်းတို့ပြောသလိုမဟုတ်ဘူး၊ ရခိုင်တစ်ခုတည်းမှာတင် အနောက်ဘက်မှာပဲ ပြဿနာဖြစ်တာ၊ ရခိုင်မှာအေးချမ်းတဲ့နေရာတွေအများကြီး။ ကချင်မှာလည်း ပဋိပက္ခရှိတယ်ဆိုပေမယ့် အေးချမ်းတဲ့နေရာအများကြီး၊ ရှမ်းလည်း ဒီအတိုင်းပဲ၊ မွန်လည်းဒီအတိုင်းပဲ အေးချမ်းတဲ့နိုင်ငံ၊ တိုးတက်တဲ့နိုင်ငံဖြစ်ဖို့ စီးပွားရေးအခွင့်အရေးတစ်ခုပါ။

ဒီပွဲတွေ လုပ်ထားတာကြည့်ပြီး ကျွန်တော်မျှော်လင့်တာကတော့ ယုံကြည်မှုတည်ဆောက်တာ၊ တိုင်းရင်းသားတွေအားလုံး တစ်ယောက်နဲ့တစ်ယောက်က ဥမကွဲ သိုက်မပျက် အပေးအယူရှိဖို့လိုတယ်။ တစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်ဖို့လိုတယ်။ ဒီပွဲကနေတစ်ဆင့် ကျွန်တော်တို့ရလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**



"သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော် ကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

## ဂျန်ဆီးဝက်ကို နည်းပြသစ်အဖြစ် ခန့်အပ်လိုက်တဲ့ ဟက်ဒါဖီးလ်

ဟက်ဒါဖီးလ်အသင်းဟာ ဂျန်ဆီးဝက်ကို နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ပါတယ်။ အသက် ၃၆ နှစ်အရွယ် ဂျန်ဆီးဝက်ဟာ ဒေါ့မွန်ဒုတိယအသင်းရဲ့ နည်းပြတစ်ဦးအဖြစ်ကနေနုတ်ထွက်ခဲ့ပြီး ဟက်ဒါဖီးလ်အသင်းနဲ့ လက်တွဲခဲ့တာဖြစ်တာကြောင့် ဟက်ဒါဖီးလ်အသင်းမှာ ၂၀၂၁ ခုနှစ် နွေရာသီကာလအထိဆက်ရှိနေတော့မှာလည်း ဖြစ်ပါတယ်။ ဟက်ဒါဖီးလ်အသင်းကထုတ်ပယ်လိုက်တဲ့ နည်းပြဝက်ဂါဟာလည်း ၂၀၁၅ ခုနှစ်က ဟက်ဒါဖီးလ်အသင်းကိုမရောက်ရှိမီ ဒေါ့မွန်အသင်းမှာ တာဝန်ယူခဲ့တဲ့ နည်းပြတစ်ဦးလည်းဖြစ်ပါတယ်။ ဟက်ဒါဖီးလ်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၁၅ ပွဲကစားဖို့ကျန်နေချိန်မှာ ၁၁ မှတ်ပဲရရှိထားကာ အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် နည်းပြအပြောင်းအလဲလုပ်ခဲ့တာဖြစ်ပြီး အခုခန့်အပ်လိုက်တဲ့ နည်းပြဂျန်ဆီးဝက်ဟာ ဇန်နဝါရီ ၂၉ ရက်မှာ အဲဗာတန်အသင်းကို အိမ်ကွင်း၌ ဧည့်ခံကစားရမယ့်ပွဲစဉ်မှာစတင်ကိုင်တွယ်ခွင့်ရရှိမှာဖြစ်ပါတယ်။





နိုင်လင်းကြည်

## နည်းပြနေရာအတွက် ကမ်းလှမ်းခံထားရတဲ့ မန်ယူကွင်းလယ်ကစားသမားဟောင်း ပေါစခိုးလ်

အိုဟမ်းအက်သလက်တစ်အသင်းဟာ သူတို့အသင်းရဲ့ လစ်လပ်သွားတဲ့ နည်းပြနေရာအတွက် မန်ယူအသင်းနဲ့ အင်္ဂလန်အသင်းတို့ရဲ့ ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ပေါစခိုးလ်ကို ခေါ်ယူဖို့ကမ်းလှမ်းထားတယ်လို့သိရပါတယ်။ လိဂ်တူးကလပ် အိုဟမ်းအက်သလက်တစ် အသင်းအနေနဲ့ နည်းပြဖရန်ကီဘန်းကို ပြီးခဲ့တဲ့ဒီဇင်ဘာ ၂၇ ရက်မှာ အသင်းနည်းပြအဖြစ်ကနေထုတ်ပယ်ခဲ့တာဖြစ်ပြီး အဲဒီလစ်လပ်သွားတဲ့ နည်းပြနေရာအတွက် ပေါစခိုးလ်ကို မျက်စိကျနေတာဖြစ်ပါတယ်။ ပေါစခိုးလ်ဟာ ၂၀၁၃ ခုနှစ်က ကစားသမားဘဝကနေ အနားယူခဲ့တာဖြစ်ပြီး အဲဒီအချိန်ကစလို့ လက်ရှိအချိန်အထိ ဘယ်အသင်းကိုမှ နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ထားဖူးတာမရှိသေးပါဘူး။ ဒါပေမယ့် အိုဟမ်းအက်သလက်တစ်အသင်းကတော့ နည်းပြအဖြစ်ကမ်းလှမ်းထားတယ်လို့ ဆိုပါတယ်။

ပေါစခိုးလ်ဟာ ပရီမီယာလိဂ်ပွဲစဉ် ၄၉၉ ပွဲအပါအဝင် မန်ယူအသင်းနဲ့အတူ ပွဲပေါင်း ၇၁၈ ပွဲအထိ ပါဝင်ကစားပေးခဲ့တာဖြစ်ပြီး သွင်းဂိုးစုစုပေါင်း ၁၅၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ အင်္ဂလန်လက်ရွေးစင်အသင်းမှာတော့ ၆၆ ပွဲ ကစားပေးခဲ့တာဖြစ်ပြီး ၂၀၀၄ ခုနှစ်မှာ နိုင်ငံလက်ရွေးစင် ကစားသမားဘဝကနေ အနားယူခဲ့တာဖြစ်ပါတယ်။

## ဒါဘီအသင်းက ခေါ်ယူလိုက်ပြီဖြစ်တဲ့ အင်္ဂလန်နောက်တန်းကစားသမားဟောင်း အက်ရှ်လေကိုးလ်

နည်းပြဖရန့်လမ်းပတ်ကိုင်တွယ်လျက်ရှိတဲ့ ဒါဘီကောင်တီအသင်းဟာ အင်္ဂလန်နောက်တန်းကစားသမားဟောင်း တစ်ဦးဖြစ်တဲ့အက်ရှ်လေကိုးလ်ကိုအခုနှစ်ဘောလုံးရာသီကုန်တဲ့အထိ စာချုပ်ချုပ်ဆိုခေါ်ယူလိုက်တယ်လို့ သိရပါတယ်။ အသက် ၃၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အက်ရှ်လေကိုးလ်ဟာ အင်္ဂလန်လက်ရွေးစင်အသင်းနဲ့အတူ ၁၀၇ ပွဲနိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပြီး အရင်ကချယ်လ်ဆီးအသင်းမှာ အတူကစားခဲ့တဲ့ ကစားဖော်လမ်းပတ်ကိုင်တွယ်နေတဲ့ ဒါဘီကောင်တီအသင်းကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ အက်ရှ်လေကိုးလ်ဟာ အမေရိကန်ကလပ်အယ်လ်အေဂလက်ဆီအသင်းနဲ့အတူ ၃၂ ပွဲ ပါဝင်ကစားခဲ့တာဖြစ်ပြီး အောက်တိုဘာလအတွင်းက အယ်လ်အေဂလက်ဆီအသင်းကနေ ထွက်ခွာခဲ့တာဖြစ်ပါတယ်။ အက်ရှ်လေကိုးလ်အနေနဲ့ အာဆင်နယ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့နှင့်အတူ ပရီမီယာလိဂ်ပွဲစဉ် ၃၈၄ ပွဲပါဝင်ကစားပေးခဲ့ပြီး အီတလီစီးရီးအေကလပ် ရိုးမားအသင်းမှာလည်း ကစားခဲ့သူဖြစ်ပါတယ်။ အင်္ဂလန်လက်ရွေးစင်အသင်းရဲ့ အားထားရတဲ့ နောက်တန်းကစားသမားတစ်ဦးဖြစ်ခဲ့သလို ချယ်လ်ဆီးအသင်းမှာကစားစဉ်ကလည်း ချန်ပီယံလိဂ်ဖလားနဲ့ ယူရိုပါလိဂ် ဖလားတို့ကိုလည်း ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင်ပရီမီယာလိဂ်ဖလားသုံးကြိမ်၊ အက်ဖ်အေဖလားခုနစ်ကြိမ်နဲ့ လိဂ်ဖလား တစ်ကြိမ်တို့ကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပါတယ်။ လက်ရှိအသက် ၃၈ နှစ်ရှိနေတာတောင် ကစားဖို့ရည်ရွယ်ခဲ့တာဖြစ်လို့ ယခုနှစ်ဘောလုံးရာသီရဲ့ချန်ပီယံရှစ်မှာ အသက်အရွယ်အကြီးဆုံးကစားသမားတစ်ဦးအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့ပြီး တစ်ပတ်လုပ်ခလစာ ပေါင် ၁၅၀၀၀ ရရှိမှာဖြစ်ပါတယ်။







ငွေပေါက်ကံပြိုင်သစ်
ဒင်္ဂါးပြိုင်သစ်အငှား၊ ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်းနှင့်
ဆက်သွယ်ရန်ကေတွက်များ
ရောင်းလို၊ ဝယ်လို
စုံစမ်းလိုလျှင်
095044836
PAEစနစ်ဖြင့်ဆောက်လုပ်သည်

## ပျောက်ဆုံးကြောင်း

ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်နေ မနှင်းဆီ[၅/ကလထ(နိုင်)၂၀၃၁၂၇]၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၅၆၅၄၀၂၄

## ပျောက်ဆုံးကြောင်း

ချောင်းဦးမြို့နယ်၊ ဝယာရွာနေ ဦးကျော်စိုးသိန်း [၅/ခဥတ(နိုင်)၀၆၁၇၁၇]၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၅၆၅၄၀၂၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ(၀. ၁၁၀)ဧကရှိ ဦးဆွေဝင်း၊ မှတ်ပုံတင်အမှတ်[၁၂/ဗဟန(နိုင်)၀၆၁၀၅၀]၊ အဖအမည်၊ ဦးခင်မောင်ဆွေအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၄၁၂၄)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်-၁၀၄၀/၂၀၁၅ (၈-၉-၂၀၁၅) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ် ရရှိထားသူ ဒေါ်တင်တင်ဆွေ[၉/ပမန(နိုင်)၀၂၆၈၂၃]၊ အဖအမည် ရှတင်ကော(ခ) ဦးချစ်ဆွေမှ ဦးကျော်မြင့်[၉/ပမန(နိုင်)၀၂၅၈၁၀]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော်သည် ဒေါ်မိမိဝင်း(ခ)နန်ကင်း(ခ)အဲမီ(ဘ)ဦးအီနောင်[၉/မကန(နိုင်)၀၇၃၆၉၈]နှင့် ဒေါ်တင်တင်ဝင်း(ဘ)ဦးအီနောင်[၅/မရက(နိုင်) ၀၁၃၁၇၂]တို့ နှစ်ဦးပိုင်ဆိုင်သော အမှတ်-၇၅၊ ၇/ဂလွှာ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်ရှိ အခန်းနှစ်ခန်းအတွက် ကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်နိုင်ပါရန် မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ရန်ကုန်မြို့၏ ၂၇-၁၂-၂၀၁၈(၁၄၀၃၂/၃၃) တို့ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ**
**ဦးစိန်မောင် [၁၂/ဗဟန(နိုင်)၀၃၁၇၄၇]**
**သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-772746166,09-421114661**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၇၅)၊ မုဒိတာအိမ်ရာ(၁)၊ RC(၈)ထပ်တိုက်မှ တိုက်အမှတ်(B)၊ ၅-လွှာ၊ အခန်းအမှတ်(B-642)၊ ဧရိယာ(၆၅၀)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်မျိုးဦး[၁၂/ဒဂမ(နိုင်)၀၁၄၈၇၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝင်းသိန်းဦး[၁၂/မရက(နိုင်)၀၀၁၂၀၅]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းသိန်းဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းမင်းစိုး** | **ဒေါ်သူဇာကျော်** | **ဒေါ်ဝေဖြိုးအောင်** |
| **LL.B,WIPO(Switzerland)** | **LL.B,D.B.L,D.I.L, WIPO(Switzerland)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)** | **အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁)** | **အထက်တန်းရှေ့နေ (စဉ်-၄၄၀၀၃)** |
| **Ph:09-450023651** | **Ph:09-254508917** | **Ph:09-421157856** |

**Level(5, 6, 7, 8)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

တောတောင်　　ခြောက်ခန်း　　လယ်ယာနွမ်း၏

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

(ခ) အနည်းဆုံး အရပ် (၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(င) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီး သူများလည်း လျှောက်ထားနိုင်သည်။

(စ) ဘွဲ့လက်မှတ်**(မူရင်း)**နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) **၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထား နိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၁၉ခုနှစ်၊ **ဇန်နဝါရီလ ၂၃ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၂၁ ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘဒ္ဒန္တကောသလ(ခ)ဦးကျော်
### သိက္ခာတော်(၂၃)ဝါ၊ သက်တော်(၁၀၀)
**[ယခင် မိတ်ဆွေများတိုးတက်ဖွံ့ဖြိုးရေးအသင်း(မတဖ) ဥက္ကဋ္ဌကြီး]**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၅) နေ (မတဖ)အသင်းဒု-ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ဆွေ၊ ဦးလင်းထိန်-ဒေါ်ဝင်းဝင်းငွေ (ယခင် မတဖအသင်း-ဘဏ္ဍာရေးမှူး)တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး ဦးကျော် (ယခင် မတဖ-ဥက္ကဋ္ဌကြီး)သည် ၁၉-၁-၂၀၁၉ (စနေနေ့) ညနေ ၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့**
**မိတ်ဆွေများတိုးတက်ဖွံ့ဖြိုးရေးအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေးကြည်
### အသက် (၉၀)

ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခ/ဌာနမှူး ဒေါက်တာရွှေဝင်း-ဒေါက်တာမလေးတင့်(တွဲဖက်ပါမောက္ခ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး-မန္တလေး)တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်အေးကြည်သည် ၁၉-၁-၂၀၁၉ (စနေနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဦးဘုန်းမြင့်နှင့်**
**ကျောက်ကပ်နှင့်ဆီးလမ်းကြောင်း ခွဲစိတ်ကုဌာန မိသားစု**
**သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး**
**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ရှိန်
### အသက်(၈၈)နှစ်

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ မလယ်ကျေးရွာနေ ဒေါ်ရွှေမ၏ခင်ပွန်း၊ မထွေးထွေး၏ ချစ်လှစွာသောဖခင် ဦးကျော်ရှိန်သည် ၂၁-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အားငါးပါးညီအစ်မများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်း
### အသက်(၈၅)နှစ်
**ဒုတိယအင်ဂျင်နီယာချုပ်-ငြိမ်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

သူငယ်ချင်း ဒေါ်ကျော့ကျော့၏ ချစ်လှစွာသောဖခင်ကြီး ဦးဝင်း အသက် (၈၅)နှစ်သည် ၁၉-၁-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**RIT(Civil), 1987 & 1991 Batch**
**အင်ဂျင်နီယာသူငယ်ချင်းများ**

## ကျေးဇူးအထူးတင်ရှိခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းသန်းထွေး
### အသက် (၅၄) နှစ်

၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈း၅၃ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားသော ဒေါ်သန်းသန်းထွေး၏နာရေး၌ စေတနာအပြည့်ဖြင့် ကူညီဆောင်ရွက်ပေးပါသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အငြိမ်းစားပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများအားလည်းကောင်း၊ တိုင်း/ခရိုင်/မြို့နယ် ကျန်းမာရေးဦးစီးဌာနများမှ လုပ်ဖော်ကိုင်ဖက် ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများမှ ကျန်းမာရေးဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ နာရေးကူညီမှုအသင်း(ရန်ကုန်)တို့အားလည်းကောင်း၊ ကွယ်လွန်ချိန်မှစ၍ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ Social Media များမှဖြစ်စေ၊ နှစ်သိမ့်ဆုတောင်းပေးကြသူများအား လည်းကောင်း၊ ကွယ်လွန်သူအားရည်စူး၍ လှူဖွယ်ပစ္စည်းများ၊ လွမ်းသူပန်းခွေ၊ ပန်းခြင်းများနှင့် ဈာပနသို့လိုက်လံကူညီပို့ဆောင်ပေးပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့ကို အထူးပင် ကျေးဇူးဥပကာရတင်ရှိပါသည်။

**ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာထွန်းမြင့်နှင့်**
**ကျန်ရစ်သူမိသားစု**

## ကျေးဇူးအထူးတင်ရှိခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းသန်းထွေး (၅၄)နှစ်

၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈း၅၃ နာရီတွင် ကွယ်လွန်သွားသော ဒေါ်သန်းသန်းထွေး၏နာမကျန်းဖြစ်ချိန်မှ နောက်ဆုံးချိန်ထိ စေတနာအပြည့်ဖြင့် အစစအရာရာ ဝိုင်းဝန်းကုသစောင့်ရှောက်ပေးခဲ့ကြသော ပင်လုံဆေးရုံကြီးမှ ဒေါက်တာဝမ်းမောင်၊ ဒေါက်တာငွေငွေကြည်၊ ဒေါက်တာမင်းဒင်၊ ဒေါက်တာစိုးညွန့်၊ ဒေါက်တာချောချောဝင်း၊ ဒေါက်တာမောင်မောင်ခင်နှင့် ဒေါက်တာဟယ်လင်၊ ဒေါ်အေမာအောင်နှင့် အနီးကပ်ပြုစုစောင့်ရှောက်ပေးပါသော Medical Ward (3)မှ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဝန်ထမ်းများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာဝါဝါမဉ္ဇူ၊ အောင်ရတနာဆေးရုံမှ ဒေါက်တာဝင်းထွန်း၊ Bangkok hospital မြန်မာပြည်ရုံးခွဲမှ ဆရာဝန်ကြီးများနှင့်ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးဥပကာရတင်ရှိပါသည်။

**ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာထွန်းမြင့်နှင့်**
**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## မောင်ဒီးဒီး (စဉ့်ကိုင်မြို့)
### အသက် (၂၉) နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ်(၁၉၇၁-၁၉၇၅) ကျောင်းဆင်းသူငယ်ချင်း ကိုကံမြင့်(B.Com-A.A)၏သား မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နေ မောင်ဒီးဒီးသည် ၁၉-၁-၂၀၁၉ ရက် ညတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သားသားကောင်းရာ သုဂတိလားပါစေ။

**(၁၉၇၁-၁၉၇၅)**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်ကျောင်းဆင်းသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီး သန့်ဇင်ထူး(ငြိမ်း)
### အသက် (၄၉) နှစ်

မိတ္ထီလာမြို့၊ အောင်ဇေယျရပ်ကွက်နေ ဦးစိန်မောင်-ဒေါ်စန်းရင်တို့၏သား၊ ရပ်စောက်မြို့၊ ဈေးတန်းရပ်ကွက်နေ ဒေါ်သန္တာစိုး၏ ခင်ပွန်း၊ မောင်ကျော်ထက်ဟန်၊ မမြတ်ပန်းဖြူဇင် တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီး သန့်ဇင်ထူး(ငြိမ်း) အသက်-၄၉ နှစ် သည် ၂၁-၁-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ် အမှတ်စဉ်(၃၅) မှ သူငယ်ချင်းများ**

## ဦးဝင်းကြည်
### အသက် (၇၅) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗဟိုလမ်း၊ ရေစက်ဝင်း၊ ဝန်ထမ်းအိမ်ရာနေ (ဦးမွန်ဆိုင်-ဒေါ်အုန်းကြည်)တို့၏တတိယ မြောက်သား၊ ဒေါ်ကွန်အေး၊ ဒေါ်သင်း သင်းဆွေ(ခ) မဝါတို့၏ ခင်ပွန်း၊ ဒေါ်သီသီဦး၊ ဒေါ်စန်းစန်းဦး၊ ဒေါ်ခင်မျိုးဦး၊ ဒေါ်နှင်းဝင့်လွင်၊ ဒေါ်ဝင့်ရည်ဦး၊ မောင်မိုးမြင့်ဟိန်း၊ မမိုးမြင့်သူ၊ မောင်ရဲမြင့်ဟိန်းတို့၏ ချစ်လှစွာသော ဖခင်၊ မြေး ၁၆ ယောက်၊ မဝင့်ဝါအောင်(ခ)ရွှန်းရွှန်းတို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၈-၁-၂၀၁၉ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့)နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်သူရ(ဒုတိယညွှန်ကြားရေးမှူး)
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန-ငြိမ်း**
**ဥက္ကဋ္ဌ၊ ပဲခူးခရိုင်ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ**
### အသက် (၆၇) နှစ်

ဥက္ကံမြို့နေ (ဦးလှဟန်-ဒေါ်ခင်ကြည်)တို့၏သား၊ ပဲခူးမြို့၊ ဥသာမြို့သစ်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၄/၁၉)နေ မမေမြင့်မိုရ်၊ မရတနာမြင့်မိုရ်တို့၏ ဖခင်၊ ဒေါ်နန်းအေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်သူရ(ဒုတိယညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန-ငြိမ်း) (ဥက္ကဋ္ဌ၊ ပဲခူးခရိုင်ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ)သည် ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၉ (စနေနေ့)တွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးမြင့်(လူ့ရှင်တော်ကင်းကောင်)
### အသက် (၅၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဩဘာလမ်း၊ အမှတ်(၁၄)နေ (ဦးစိုးဝင်း)-ဒေါ်သန်းမြင့်(M.P.P.E-ငြိမ်း)တို့၏သားလတ်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၃၂)နေ (ဦးကျင်ဖေ-ဒေါ်ခင်ဆုံ)တို့၏ သားသမက်၊ ဒေါ်အေးအေးမွန်(အမက-၇၊ စမ်းချောင်း)၏ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲမွန်အောင်၏ ဖခင်၊ ဦးစိုးသန်းထွန်း-ဒေါ်နုနုဆွေ(ထ-၆၊ အလုံ)၊ ဦးသိန်းတိုး-ဒေါ်စမ်းစမ်းငွေ၊ မယုယုငယ်တို့၏ အစ်ကို/ညီ/မောင်သည် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မောင်ကုဋေဇော်ဦး(ခ)ပုကြူ
### အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ တိုက်(၆၈)၊ အခန်း(၈)နေ (ဦးသောင်းတင်)-ဒေါ်မြင့်မြင့်သန်းတို့၏ သားထွေး၊ ဒေါ်ဟေမာဦး(ခေတ္တစင်ကာပူ)၊ ဦးနိုင်လင်းထက်(ခေတ္တ-စင်ကာပူ)၊ ဦးသိန်းဇော်ဦး (S/R Shipping Co.,Ltd.)၊ ဦးသန်းဇော်ဦး(Second Mate F.G)တို့၏ ညီ/မောင်၊ မောင်ကုဋေဇော်ဦး သည် ၂၂-၁-၂၀၁၉ ရက် နံနက် ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## (၃)နှစ်ပြည့်လွမ်းဆွတ်သတိရအမှူပေးဝေခြင်း
## ဒေါ်မိုးမိုးမြင့် (ပဲခူးမြို့)
### ၂၂-၁-၂၀၁၆ ၂၂-၁-၂၀၁၉

မိသားစုဘဝထဲက ထာဝရထွက်ခွာသွားတာ (၂၂-၁-၂၀၁၉) ရက်နေ့တွင် (၃)နှစ်ပြည့်ခဲ့ပေမဲ့ နေ့စဉ်နဲ့အမျှ ခံစားသတိရနေဆဲပါ၊ လစဉ်လတိုင်းလည်း ရည်ရွယ်ပြီး အလှူဒါနများ ပြုလုပ်ပေးနေတာတွေကိုလည်း မြင့်မြတ်တဲ့ ဘုံဘဝကနေ သာဓုခေါ်ပြီး အေးချမ်းမှု အပေါင်းပြည့်စုံပါစေ အန်တီမိုးရေ-

**ခင်ပွန်း-** **ရဲမှူးခင်ဇော်(လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူး)**
**သမီး-** **နှင်းအိလင်း (Grade-7၊ အထက-၃၊ ပဲခူး)**
**ဖေဖေ-** **ဦးတိုးလေး (မြို့နယ်လျှပ်စစ်၊ ပဲခူးမြို့)**
**မေမေ-** **ဒေါ်သိန်းမြင့်**
**အစ်ကိုကြီး-ကျော်ကျော်စိုး(ခ)ဘိုတောက်(ကိုရီးယား)**
**မောင်လေး နေလင်း(ခ)ကိုတင့်-မဖြူဖြူဝင်း**

## အနိစ္စ

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကြည်
### အသက်(၉၁)နှစ်

ပုသိမ်မြို့နေ (ဦးလူကလေး-ဒေါ်ဖွား)တို့၏ သမီး၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း (၄)ရပ်ကွက်၊ ရန်နိုင်လမ်း၊ အမှတ်(၁၄၃/A)နေ (ဦးလှထွန်း-ဒေါ်မြင့်သိန်း)၊ (ဦးစန်းသိန်း)-ဒေါ်လွင်လွင်မြင့်၊ ဦးဘိုဘိုသွင်-ဒေါ်ယဉ်ယဉ်မိုး၊ (မောင်ဆန်းလင်းအောင်)တို့၏မွေးသမိခင်၊ (ဦးလှကြည်)၏ဇနီး၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏အဘွား ဒေါ်ကြည်သည် ၂၁-၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါက်တာဒေါ်တင်ညို
**M.B.B.S (Rgn)., M.Sc(O&G)**
**မီးယပ်နှင့်သားဖွား အထူးကုဆရာဝန်ကြီး**
### အသက်(၇၈)နှစ်
**မြောင်းမြမြို့**

မြောင်းမြမြို့နေ (ဦးရာမ-ဒေါ်သန်း)တို့၏သမီး၊ ရတနာကုန်သည် (ဦးကျော်မြ-သုဓမ္မသီရိဒေါ်ကြင်မြိုင်)တို့၏ တူမ၊ ဆရာမဒေါ်တင်အေးအေး (မေရန်နိုင်-မြောင်းမြ)၏ ညီမ၊ သုဓမ္မသီရိဒေါ်ပြုံးရီ၊ ဦးရွှေ-ဒေါ်တင်မြင့် (သီရိရတနာ)၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ)-သီဟသုဓမ္မသီရိ ဒေါ်ခင်ခင်စိန်၊ သုဓမ္မမဏိဇောတဓရ ဦးကျော်ခင်သိန်း (ကျော်ရေခဲစက်၊ ဆန်စက်၊ ရွှေစည်းစိမ်တည်းခိုခန်း)-သုဓမ္မသီရိ ဒေါ်ရီရီငွေ၊ ဦးကျော်ခင်ငြိမ်း-ဒေါ်ခင်စမ်းဝေ (ရွှေစင်ရတနာ)၊ ဦးကျော်ခင်လတ်-ဒေါ်မိုမိုဆွေ (မြဒါလီရတနာ)တို့၏ အစ်မကြီး၊ တူ/တူမ ၁၄ ယောက်တို့၏ ကြီးကြီးသည် ၂၀-၁-၂၀၁၉ရက် နံနက် ၆ နာရီတွင် ဟေမာဝန် ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၉ (တနင်္လာနေ့)တွင် မြောင်းမြမြို့၊ မြို့မသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြာအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးထွေးပို(ခ)ဦးစန်းမြင့်(မုံရွာ)
### အသက် (၆၆) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အမှတ်(၈၃)၊ သုံးလွှာ၊ အုန်းပင်လမ်း(အထက်)နေ [ဦးဘသောင်း-ဒေါ်သန်း(မုံရွာ)]တို့၏ သား၊ (ဦးမောင်မောင်-ဒေါ်အုန်းကြည်)တို့၏သားသမက်၊ (ဒေါ်ဖြူဖြူမောင်)၏ ခင်ပွန်း၊ မုံရွာမြို့နေ (ဦးအောင်စိုး-ဒေါ်ခင်မာသောင်း)၊ ဦးဟန်တင့်-ဒေါ်ညွန့်ဝေ၊ ဦးလှဟန်-(ဒေါ်အေးမြင့်မူ)၊ ဦးမျိုးသန့်-ဒေါ်စန်းစန်းသောင်းတို့၏ ညီ၊ ရန်ကုန်မြို့နေ ဦးသန်းဆွေ-ဒေါ်ချိုချို၊ ဦးကျော်ဝင်းရွှေ-ဒေါ်ဝင်းဝင်း၊ ဦးထွန်းထွန်းလင်းတို့၏မောင်၊ ဦးအောင်ကျော်ကျော်ရှိန်း-ဒေါ်စုစုလှိုင်(ခေတ္တ-Netherland)၊ ဦးမျိုးဇော်ထက်-ဒေါ်စုမြတ်စံ (ရောဝတီဘဏ်လီမိတက်)၊ (ဒေါ်ပွင့်ဖြိုးထက်သာ)တို့၏ဖခင်၊ မဖူးပွင့်ပြည့်စုံ(အလက-၁၊ ဒဂုံ၊ Grade-9/C)၊ Ryker ခိုင်ခန့်ခနရှိန်း၊ Skyler သုတရှိန်း (ခေတ္တ-Netherland)တို့၏ အဘိုးသည် ၂၁-၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ပြုံးဝင်း(ခ)ဒေါ်ခင်နု
### အသက်(၉၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်းသွယ်၊ အမှတ်(၂၂၇)နေ (ဦးလှ-ဒေါ်ရှင်)တို့၏ သမီး၊ (ဦးဘရွှေ-ဒေါ်စိန်တင်)တို့၏ သမီးချွေးမ၊ (ဦးဝင်းအောင်)၏ ဇနီး၊ (ဦးစောနိုင်ဝင်း)-ဒေါ်မူမူမြင့်၊ ဦးစစ်ဝင်း-(ဒေါ်မြင့်မြင့်ဝင်း)၊ (ဦးလှမြင့်ဝင်း)-ဒေါ်မာရီလှအောင်၊ [ဦးနေမျိုးဝင်း(ခ)ကိုချို]၊ ဦးချမ်းသာဝင်း-ဒေါ်စိုးစိုးသန်း၊ ဦးသန်းဆွေ-ဒေါ်မီမီသက်၊ [ဦးရဲအောင်(ခ)ကိုမျိုး]-ဒေါ်ချယ်ရီဝင်း၊ ဦးသန်းနိုင်ဦး-ဒေါ်စုစုဝင်း၊ ဦးကျော်ကျော်လင်း-ဒေါ်မိုးမိုးဝင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၃၀ ယောက်၊ မြစ်ငါးယောက်တို့၏ ဘွားအေကြီး ဒေါ်ပြုံးဝင်း(ခ)ဒေါ်ခင်နုသည် ၂၀-၁-၂၀၁၉ ရက် ညနေ ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ဦး (ခ) ဒေါ်ရင်ရင်မြ
**စာရင်းစစ်မှူး (ငြိမ်း)၊ စာရင်းစစ်ချုပ်ရုံး**
### အသက် (၈၂) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၅၇)၊ ငါးလွှာနေ (ဦးတင်စီ-ဒေါ်ကံ)တို့၏သမီး၊ (ဦးထွန်းမောင်-ဒေါ်တီ)တို့၏သမီးချွေးမ၊ ဦးခင်မောင်(စာရင်းစစ်ချုပ်ရုံး/AG ရုံး-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်နီနီလွင်(UAB Bank)၊ ဦးထိန်ဝင်းနိုင်(GITE Pest Control)-ဒေါ်အိအိဇင်(MISY)၊ (ဦးရဲထွဋ်ဝင်း)တို့၏ ချစ်လှစွာသောမိခင်၊ မောင်အောင်ခန့်ပိုင် (Year 7, MISY)၏ ချစ်လှစွာသောအဘွား ဒေါ်တင်တင်ဦး(ခ) ဒေါ်ရင်ရင်မြသည် ၂၁-၁-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ဝင်းကြည် (ဗဟန်း)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ (151/F)၊ ရေတာရှည်လမ်းဟောင်းနေ (ဦးလှထွန်း-ဒေါ်ချို)တို့၏ သမီး၊ (ဦးသံတိုင်-ဒေါ်ခင်ညွန့်)တို့၏ သမီးချွေးမ၊ (ဦးလှမျိုး)၏ ချစ်လှစွာသောဇနီး၊ ဦးထွန်းလှ-ဒေါ်ခင်ချို (ဦးမျိုးသန့်)၊ ဦးစောနိုင်၊ ဦးကျော်သူ(ဓာတ်လှေကား)၊ ဒေါ်ကေသီမျိုး၊ (ဦးအောင်မျိုး)၊ ဦးမျိုးသီဟတို့၏ ချစ်လှစွာသောမိခင်ကြီး၊ ဒေါ်နွဲ့နွဲ့အေး၊ ဦးသန်းငွေ-ဒေါ်မြင့်မြင့်အေး၊ ဦးကျင်စိုး-ဒေါ်မူမူအေးတို့၏အဒေါ်၊ မြေးကိုးယောက်တို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**
## ဒေါ်တင်တင်မြင့်
### အသက်(၇၅)နှစ်
**စက်မှု-၁၊ ထွေထိန်း(ငြိမ်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့် စံပြရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ်(၅၁)၊ လေးလွှာ(ခေါင်းရင်းခန်း)နေ [ဦးမောင်မောင် (မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)]၏ ဇနီး၊ ဦးသွင်မောင်မောင်၊ ဒေါ်ကြည်ပြာဝင်း၊ ဦးဇေယျာအောင်၊ ဒေါ်သီတာမောင်မောင်တို့၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်တင်တင်မြင့်သည် ၂၁-၁-၂၀၁၉ (တနင်္လာနေ့) ည ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကျော်ဝင်းဦး(ငြိမ်း)
### ကြည်း-၃၂၉၅၁၊ တေဇ-၂၇
### အသက်(၄၁)နှစ်

မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု၊ အင်းတန်ကျေးရွာနေ ဒေါ်ဇာပန်းသွယ်၏ခင်ပွန်း၊ မဆုရတီထွန်း၊ မဆုရည်မွန်ကျော်၊ မဆုဖြူစင်သန့်တို့၏ ချစ်လှစွာသောဖခင်ဖြစ်သူ ဗိုလ်မှူးကျော်ဝင်းဦး(ငြိမ်း)သည် ၂၁-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၇)ကျောင်းဆင်းအရာရှိမိသားစုများ**

## ဒေါ်သန်းမြင့်(ကြည့်မြင်တိုင်)
### အသက်(၈၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၅)၊ ရေတွင်းကုန်း (၂)လမ်း၊ ငါးလွှာနေ (ဦးဘိုးရွှန်း-ဒေါ်နှင်းရွှေ)တို့၏ သမီး၊ (ဦးဝင်းကြိုင်)၏ ဇနီး၊ ဦးဇေယျာဦး-ဒေါ်ငွေငွေမြင့်၊ ဦးအောင်သန်းမြင့်-ဒေါ်သင်းသင်းဇော်၊ ဦးမိုးဟိန်းအောင် - ဒေါ်ဝါဝါဇော်တို့၏ မွေးသမိခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၂၁-၁-၂၀၁၉ (တနင်္လာနေ့) ည ၇း၅၅ နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်လှကြည်(ကည္ဒတ်ကွင်း)
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် (၁၁၅)၊ လေးလွှာနေ (ဦးကိုကိုကြီး)၏ ဇနီး၊ ဒေါ်မာမာဦး၊ ဦးသိန်းထွဋ်ဝင်း-ဒေါ်မာမာနွယ်တို့၏မိခင်ကြီး၊ မြေးလေးယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် အစိုးရနှင့်တပ်မတော်က ဆောင်ရွက်နေမှုများနှင့် တရုတ်နိုင်ငံမှ ပါဝင်ကူညီ ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် တပ်မတော်၏ ထုတ်ပြန်ချက်ကို တရုတ်နိုင်ငံက ထောက်ခံသည့်အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း AA သောင်းကျန်းသူအဖွဲ့က နယ်ခြားစောင့်ရဲကင်းစခန်းများအား တိုက်ခိုက်ခဲ့ခြင်းသည် လက်မခံနိုင်စရာ တာဝန်မဲ့လုပ်ရပ်ဖြစ်၍ တရုတ်နိုင်ငံမှ ပြင်းထန်စွာရှုတ်ချသည့် အခြေအနေများအား ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



## ယနေ့ သတင်းအညွှန်း

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ ကျင်းပ
စာမျက်နှာ » ၁၀

ငပလီကမ်းခြေတွင်ကျင်းပမည့် ရခိုင်ပြည်နယ်၏ ပထမဆုံး ရင်းနှီးမြှုပ်နှံမှုပြပွဲနှင့် ပတ်သက်၍ ရှင်းလင်း
စာမျက်နှာ » ၁၁

ကိုရီးယားသမ္မတနိုင်ငံမှ ရခိုင်ပြည်နယ်အတွက် ဆန်တန်ချိန် ၂၅၀ လှူဒါန်း
စာမျက်နှာ » ၁၂

# တိုင်းရင်းသားရိုးရာဓလေ့များကို တစ်နေရာတည်းတွင် လေ့လာနိုင်မည့် တိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်မှုပြခန်း ဖွင့်လှစ်ပြသ

**နေပြည်တော် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၃၀ ကျော်သည် နေရာဒေသအသီးသီးတွင် ပျံ့နှံ့နေထိုင်လျက်ရှိကြပြီး ဘာသာစကား၊ ဝတ်စားဆင်ယင်မှု၊ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ ပွဲတော်များ၊ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံများ၊ ရှေးဟောင်းနေရာများနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများစသည့် ယဉ်ကျေးမှုအမွေအနှစ်များမှာလည်း နေရာအနှံ့အပြားတွင် ပျံ့နှံ့တည်ရှိလျက်ရှိသည်။

တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာဓလေ့များ၊ ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ ရိုးရာအစားအသောက်များကို တစ်နေရာတည်း၌ စုံလင်စွာလေ့လာကြည့်ရှုနိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက တိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်မှုပြခန်းကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၌ ဖွင့်လှစ်ပြသလျက်ရှိသည်။

အဆိုပါ ပြခန်းကို တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှုပုံစံများကို ပြည်သူများသိရှိပြီး ဗဟုသုတရရှိစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ထားကြောင်း သိရသည်။

ပြခန်းခင်းကျင်း ပြသဖြစ်သည့် အခြေအနေနှင့် စပ်လျဉ်း၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က “ပြခန်းဖွင့်လှစ်ပြီး ပြသဖြစ်တာက ကျွန်တော်တို့ဝန်ကြီးဌာနကလည်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဖြစ်တယ်။ ဒါကြောင့် တိုင်းရင်းသားလူမျိုးတွေရဲ့ အငွေ့အသက်တွေ ရှိနေစေဖို့ ဖွင့်လှစ်တာ ဖြစ်ပါတယ်” ဟု ပြောသည်။

အဆိုပါ ပြခန်းတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းလူမျိုးတို့၏ တိုင်းရင်းသားမျိုးနွယ်စု ရိုးရာဝတ်စုံများ၊ အသုံးအဆောင်များနှင့် အစားအသောက်များကို ခင်းကျင်းပြသထားသည်။

ပြခန်း ဖွင့်လှစ်သည့်အခါတွင် လိုအပ်သည့် တိုင်းရင်းသားရိုးရာဝတ်စုံများ၊ တိုင်းရင်းသားများ၏ အသုံးအဆောင်ပစ္စည်းများ၊ ၎င်းတို့၏ တူရိယာပစ္စည်းများကို သက်ဆိုင်ရာ

**စာမျက်နှာ ၇ ကော်လံ ၄ သို့**





မြန်မာအမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံး ဒုတိယအဆင့်ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာအမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၇ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် အိန္ဒိယဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်နိုင်ရန် အချိန်ယူပြင်ဆင်လျက်ရှိပြီး ခြေစစ်ပွဲအကြိုပြင်ဆင်မှုအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို အသင်းလေးသင်းဖြင့် ကျင်းပမည်ဖြစ်ကာ လက်ရှိအချိန်အထိ မြန်မာနှင့် အိမ်ရှင်အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ကာ ကျန်နှစ်သင်းအတွက် အခြားအသင်းများ ဖိတ်ကြားလျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းတွင် နည်းပြချုပ်-ဦးဝင်းသူမိုး၊ လက်ထောက်နည်းပြများ-ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြ-ဦးမြကိုမင်း၊ **ဂိုး**-ဇာဇာမြင့်၊ မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ သန္တာဦး၊ **နောက်တန်း**-ဝေဝေအောင်၊ အိရတနာဖြိုး၊ ဇင်မာထွန်း၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ခင်မျိုးဝင်း၊ ယွန်းမီမီလွင်၊ ချစ်ချစ်၊ ယမင်းလွင်၊ ခိုင်သဇင်၊ ရူပါခိုင်၊ ဇင်ဇင်နိုင်၊ **အလယ်တန်း**-ငယ်ငယ်ထွေး၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ မေစံပယ်ဖူး၊ လဲ့လဲ့လှိုင်၊ နန့်မေသဇင်၊ နုနု၊ ခင်မိုးဝေ၊ ခင်မာလာထွန်း၊ **ရှေ့တန်း**- ရီရီဦး၊ ဝင်းသိင်္ဂီထွန်း၊ ဂျူလိုင်ကျော်နှင့် လှယဉ်ဝင်းတို့ ပါဝင်ကြသည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

“ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမွန်”
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ဤအထက်တန်းကျောင်းကြီးတွင် တက်ရောက်နေသူ ဘော်ဒါကျောင်းသား/သူများနှင့် DAY ဘော်ဒါများ အားလုံး
■ နံနက် ၇း၃၀ နာရီ မှ ၁၂း၁၅ နာရီအထိ ကျောင်းတက်ချိန်။
■ ၁၂း၁၅ မှ ၁း၀၀ နာရီအထိ နေ့လယ်စာ ထမင်းစားချိန် ခေတ္တနား။
■ နေ့လယ် ၁း၀၀ နာရီ မှ ၅း၃၀ နာရီအထိ ဝါရင့် ကျွမ်းကျင် GUIDE ဆရာ(၆)ဦးနှင့် GUIDE အချိန်။
■ ညနေ ၆း၀၀ နာရီ မှ ၇း၃၀ နာရီအထိ သီးခြား ဝါရင့် ကျွမ်းကျင် GUIDE တစ်ခွဲနှင့် ထပ်မံ GUIDE လုပ်ပြီး တစ်နေ့တာ လေ့ကျင့်ခန်းများ ပြီးစီးအောင် လုပ်ချိန်။
■ ည ၈း၃၀ မှ ၁၀း၃၀ နာရီအထိ စာ အရကျက်ချိန်။
မူလတန်းအတွက် အထူးစီစဉ်ထားရှိမှု
ပညာရေး အဆင့်မြင့် စခန်းသွင်း ဘော်ဒါ နှင့် နေ့တက် ဘော်ဒါ
မြေအမှတ် ၂၈(A)+၂၈(B)၊ ... (ORANGE SUPER MART) နှင့်ကပ်လျက် ... သက်နှင်းကျွန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း၊ ၀၉ ၄၀၀၅၅၂၄၁၉၊ ၀၉ ၄၂၀၃၀၇၂၇၊ ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၅၆၇၆၂၅၅
အထွေထွေအုပ်ချုပ်ရေးမှူး ဆရာမ ဒေါ်ကြည်ကြည်တင် M.Sc(Final)
အတုမရှိ၊ အတူမရှိ ပညာရေးအင်အား
• မြန်မာစာ-ဂုဏ်ထူးဦးသိန်းနိုင်
• အင်္ဂလိပ်စာ-ဆရာနေအုပ်(စိန့်ပေါလ်) -ဂုဏ်ထူးဦးအောင်နိုင်
• သင်္ချာ-ဒေါက်တာညီညီ(Ph.D)
• ရူပဗေဒ-ပါမောက္ခ ဒေါက်တာထွန်းခင်
• ဓာတုဗေဒ-ဆရာကြီး ဒေါ်ဆွေညွန့်လွင် -ဆရာ ဇော်လင်းအောင်
• ဇီဝဗေဒ-ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
• ဘောဂဗေဒ-စိုင်းစိန်မြင့်အောင်
စောင့်မျှော်နေသူများအတွက် အစဉ်အလာ ကြီးမားလှစွာသော
နွေမြန်မာစာ
စာစီစာကုံးတန်းများ
၈၊၉၊၁၀ သင်ရိုးကုန်တန်းခွဲများ
မတ်လ (၉) ရက် ဖွင့်မည်။
ဂုဏ်ထူးမြန်မာစာ နည်းပြ
၁၀၈ (၃)ထပ်၊ ဆိပ်ကမ်းသာလမ်း (အလယ်)၊ ရန်ကုန်မြို့
ဖုန်း၊ ၀၉ ၅၀ ၁၂၆၁၁၊ ၀၉ ၄၅၀ ၀၅၅ ၀၅၂